ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 September 2019 ၉၇၆၉

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကနေဒါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Ms. Karen MacArthur အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားရေး စသည့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Ms. Karen MacArthur အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ကြေးမုံ ယနေ့ဖတ်စရာ**

**အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့်သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်းအဆိုဆွေးနွေး**

စာမျက်နှာ » ၄

**လူငယ်လူရွယ် အလုပ်သမားများ ပြည်တွင်း၌သာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရန် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၅

## ပျော်ရွှင်ဖွယ်ရာသုံးပတ်တာ ဝန်ကြီးများရုံးမှာ အစီအစဉ်သို့ အခမဲ့ လာရောက်လေ့လာနိုင်



**ရန်ကုန် စက်တင်ဘာ ၁၀**

ပျော်ရွှင်ဖွယ်ရာသုံးပတ်တာ ဝန်ကြီးများရုံးမှာ(Three for free weekends@The Secretariat) အစီအစဉ်ကို မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာခရီးသွားများအတွက် ရည်ရွယ်၍ ယခုလ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဝင်ကြေးအခမဲ့ဖြင့် The Secretariat Yangon က ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြန်လည်ကြည့်ရှုနိုင်**

စက်တင်ဘာ ၁၄၊ ၁၅ ရက်တွင် "အတိတ်ဟောင်းကို ပြန်လည်လေ့လာခြင်း" အစီအစဉ်အဖြစ် ၂၀ ရာစုခေတ် ရန်ကုန်မြို့မြင်ကွင်းကို ပြန်လည်ကြည့်ရှုနိုင်ရန် ခေတ်ဟောင်းဓာတ်ပုံပြပွဲကို Delta Media မှ ကျင်းပသွားမည်ဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်များဆီမှ မြန်မာ့ရှေးဟောင်း

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တတိယအစည်းအဝေးကို ၁၃၈၁ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆၊ ၇၊ ၈၊ ၉) ရက်၊ (၂၀၁၉- ခုနှစ်၊ နိုဝင်ဘာလ ၁၇၊ ၁၈၊ ၁၉၊ ၂၀) ရက်၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၁- ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀၊ ၁၁) ရက်၊(၂၀၁၉- ခုနှစ်၊ နိုဝင်ဘာလ ၂၁၊ ၂၂) ရက်၊ ကြာသပတေး၊ သောကြာနေ့များတွင် အစည်းအဝေး ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ (၂၀၁၉- ခုနှစ်၊ နိုဝင်ဘာလ ၁၆ ) ရက်၊ စနေနေ့ အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ပုံတူပြဒါးရုပ်တုလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နဝမမြောက် ဗန်းမော်ဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့် နဝရတ်ရတု မွေးနေ့မင်္ဂလာ အထိမ်းအမှတ်နှင့် သိက္ခာထပ်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ၇၃ လမ်း၊ ၃၈×၃၉ လမ်းကြားရှိ ဗန်းမော်ကျောင်းတိုက်၌ ကျင်းပသည်။



ရှေးဦးစွာ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့် နဝရတ်ရတု မွေးနေ့မင်္ဂလာ အထိမ်းအမှတ်နှင့် သိက္ခာထပ်ပူဇော်ပွဲကို ကျင်းပကြသည်။

ယင်းနောက် ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ဩဇ္ဇပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မိုးကုတ်သာမညစကြာတောင် ဆရာတော်က ပုံတူပြဒါးရုပ်တုအား ဗန်းမော်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယနေ့လှူဒါန်းခဲ့သည့် ဗန်းမော်ဆရာတော်ကြီး၏ ပုံတူပြဒါးရုပ်ရှင်တုအား မော်လမြိုင်မြို့၊ သာမညမိုးကုတ် သာမညစကြာတောင်ဆရာတော်က ငွေကျပ် သိန်း ၁၄၀၀ ကျော်တန်ဖိုးရှိ ပြဒါးအရည် ပိဿာ ၆၅၀ ဖြင့် စီမံပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၉,၀၅၃ | ၁၀၄,၁၁၀,၀၀၀ |
| MTSH | ၄,၅၀၀ | ၄,၅၀၀ | ၁၄,၃၈၃ | ၆၄,၇၂၃,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၄၅၁ | ၃,၇၈၈,၄၀၀ |
| FPB | ၂၅,၀၀၀ | ၂၅,၅၀၀ | ၈၉ | ၂,၂၂၅,၅၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၅၈၄ | ၁,၇၇၀,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ရန်ကုန်(ရွှေဈေး) ၁၂၂၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၀ ကျပ် | ၉၁၀/၉၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၈၉၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၀၅ ကျပ် | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၁၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၆၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၈.၁ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၆.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၅.၀၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၈၉၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၁၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၅၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၄.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၂၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၈.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၇.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

## နယ်ပယ်သစ်အရင်းအမြစ် ဖွင့်လှစ်ရှာဖွေ

လူသားများ၏ ကြိုးပမ်းအားထုတ်မှု၊ စွန့်စားရှာဖွေမှုများကြောင့် ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်အမျိုးမျိုးစိုက်ထူနိုင်ခဲ့ပြီး ဖြစ်သည်။ ဖြစ်ပျက်ပြောင်းလဲနေသော လူ့ဘောင်လောကတွင် ဟုတ်မှန်သည့်အတိုင်း ဆင်ခြင်သုံးသပ်လေ့လာမှုပြုရန် လိုအပ်သကဲ့သို့ လူသားများကောင်းကျိုးအတွက် အမှန်တရားများနှင့် အကျိုးရလဒ်ကောင်းကို ရှာဖွေဖော်ထုတ်ရန်လည်း လိုအပ်သည်။

အဆိုးထဲမှအကောင်းကို ရှာဖွေတတ်ခြင်း၊ အတွေ့အကြုံထဲမှ အသိဉာဏ်ရယူတတ်ခြင်းတို့သည် လူ့သဘာဝဖြစ်ပြီး ထိုအသိဉာဏ်မှသည် အတတ်ပညာပေါ်ထွန်းလာသည်။ အတွေ့အကြုံမှ အသိဉာဏ်ရရှိပြီး အသိဉာဏ်ဖြင့် ရှေ့သို့မြော်ခေါ်ကြသည်။ စူးစမ်းကြသည်။ ရှာဖွေကြသည်။ တီထွင်ကြံဆကြသည်။ သို့နှင့်လူ့သမိုင်းသည် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ယနေ့မြို့ပြဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖြစ်တည်နေသောကုန်းမြေကမ္ဘာ့တိုက်ကြီးအချို့သည်ပင် များမကြာသောရာစုနှစ်များမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကိုလံဘတ်၊ ဗာစကိုဒဂါးမားတို့ကဲ့သို့ ဥရောပသားများသည် ပင်လယ်သမုဒ္ဒရာများသို့ စွန့်စားသွားလာခြင်းဖြင့် နယ်မြေသစ်များကို ရှာဖွေခဲ့ကြသည်။ အမေရိကတိုက်၊ အိန္ဒိယကျွန်းစုများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုမှတစ်ဖန် ၂၀ ရာစုခေတ်၌ လကမ္ဘာ၊ အင်္ဂါဂြိုဟ် စသည့် အာကာသ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပြန်သည်။

ကုန်းမြေ၊ အာကာသ နယ်ပယ်သစ်များကို စူးစမ်းရှာဖွေလေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ သယံဇာတအရင်းအမြစ်များကို ရှာဖွေတွေ့ရှိလိုခြင်းသည် အဓိကအချက်ဖြစ်သည်။ ယနေ့ ၂၁ ရာစုခေတ်တွင် နည်းပညာဖြင့် ကုန်းမြေနယ်ပယ်သစ်ရှာဖွေရေး၊ အာကာသစူးစမ်းလေ့လာရေးနှင့် အခြေချရေးတို့သည် လူသားကောင်းကျိုးများကို များစွာဖြစ်ထွန်းရရှိနေပြီဖြစ်သည်။ ယခုအခါ ဆက်လက်စူးစမ်းရှာဖွေရန် လိုအပ်နေသေးသည့် ပင်လယ်သမုဒ္ဒရာကြမ်းပြင် စူးစမ်းရှာဖွေရေးကို လုပ်ကိုင်လာကြပြန်သည်။

ယနေ့ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာများနှင့် ထိစပ်နေသောနိုင်ငံများသည် ယင်းနိုင်ငံများ၏ကမ်းရိုးတန်းနှင့် ရေမိုင် ၂၀၀ အထိပိုင်ဆိုင်ကြပြီး ရေပေါ်ရေအောက် သယံဇာတများကို ဆိုင်ရာနိုင်ငံတို့က ပိုင်ဆိုင်ကြသည်။ ဤကမ္ဘာတွင် မြေထုပမာဏထက် ရေထုပမာဏမှာ ပိုမိုကြီးမားကျယ်ပြန့်ပြီး သယံဇာတများလည်း ပေါများကြွယ်ဝသည်။ ဆိုင်ရာရေမိုင် ၂၀၀ မှအပ ကြီးမားကျယ်ပြန့်သော ပင်လယ်သမုဒ္ဒရာရေပြင်သည် နိုင်ငံတကာရေပိုင်နက်ဖြစ်သည်။ တစ်နည်းဆိုလျှင် အများဆိုင်ဖြစ်သည်။

နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့် ပြင်ပဧရိယာ(နိုင်ငံတကာရေပြင်)ရှိ ပင်လယ်ကြမ်းပြင်၌ သယံဇာတများ ရှာဖွေတူးဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်များ၊ သယံဇာတရှာဖွေတူးဖော်နိုင်ရေးအတွက် ကမကထပြုသည့် နိုင်ငံများနှင့် ရှာဖွေတူးဖော်သည့်အဖွဲ့အစည်းများ၏ ဝတ္တရားများနှင့် ပတ်သက်၍ အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများအား အသိပညာပေးရန်၊ ပြင်ပဧရိယာရှိ ပင်လယ်ကြမ်းပြင်ဆောင်ရွက်မှုများတွင် တိုးမြှင့်ပါဝင်ခြင်းဖြင့် ရရှိလာမည့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်မှု အခွင့်အလမ်းများရရှိစေရန် မြန်မာနိုင်ငံ၌ နိုင်ငံများလာရောက်ပူးပေါင်းဆောင်ရွက်လာခြင်းသည် မြန်မာနိုင်ငံအတွက် ကောင်းမွန်သော အခွင့်အလမ်းကောင်းများဖြစ်စေသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့(International Seabed Authority -(ISA))တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၈ နိုင်ငံရှိရာ ထိုအဖွဲ့ဝင်နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်နေခြင်းသည် အခွင့်အလမ်းကောင်းဖြစ်သည်။ ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အသိပညာပေးခြင်း၊ တီထွင်ကြံဆလုပ်ကိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက်လည်း အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ပင်လယ်ကြမ်းပြင် အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိခြင်းသည် မြန်မာနိုင်ငံအတွက်သာမက နိုင်ငံအားလုံး၏ အကျိုးစီးပွားအတွက် ပင်လယ်သမုဒ္ဒရာဧရိယာကို စုပေါင်းစီမံခန့်ခွဲနိုင်မည့် နည်းလမ်းများအား ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန




# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၄/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင်ပြည်ထောင်စုလွှတ်တော် Dဆောင်ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr.Stephan Sakalian နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC အနေဖြင့် ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှစ၍ ကြက်ခြေနီလှုပ်ရှားမှုအရ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခဲ့ရာမှ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အစီရင်ခံစာအရ ICRC အနေဖြင့် အရေးပေါ်လူသားချင်းစာနာကူညီမှုသာမက ပြန်လည်ထူထောင်ရေးတွင် ဆောင်ရွက်မည့်အခြေအနေ၊ ICRC ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရပ်စွန့်ခွာရသူများအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းအတွေ့အကြုံနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်မှု၊ ICRC အနေဖြင့် မိုင်းအန္တရာယ်လျှော့ချထားရေးလုပ်ငန်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးလိုမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာသဘောတူစာချုပ် လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခုတင်သွင်းခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဖစ်တာခလိုက်၏ **သံတောင်ကြီးမြို့ပေါ်တွင် အဆင့်မြင့်အားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မီတာ(၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းဖောက်လုပ်ရာတွင် လိုအပ်သော မြေနေရာအကျယ်အဝန်းမှာ ပေ(၆၀၀×၄၀၀) ဖြစ်ပါကြောင်း၊ ယခု သံတောင်ကြီးမြို့နယ် အားကစားကွင်း ဖောက်လုပ်ရန် သတ်မှတ်လျာထားသည့် မြေနေရာသည် ပေ(၄၀၀×၃၀၀) သာရှိသဖြင့် အဆိုပါမြေနေရာတွင် အဆင့်မြင့်အားကစားကွင်း ဖောက်လုပ်မည်ဆိုပါက မြေနေရာလုံလောက်မှုမရှိခြင်း၊ လက်ရှိမြေသည်လည်း ကျောက်ဆောင်၊ ကျောက်သားများဖြစ်နေခြင်းတို့ကြောင့် သွားလာရန်အတွက် လမ်းဖောက်လုပ်ရန်လိုအပ်ခြင်း၊ မြေဖို့မြေညှိရန်ခက်ခဲခြင်း၊ ၎င်းကွင်းအတွင်းသို့ ဝင်ရောက်ရန် လမ်းများမှာလည်း လူနေအိမ်များ၊ တပ်ပိုင်မြေများရှိသည့်အတွက် အခက်အခဲများ များစွာရှိနေပါကြောင်း၊ သို့သော် အဆင့်မြင့်အားကစားကွင်း မပေးသော်လည်း မြေပိုင်ရှိပါက (၃၄၅×၂၂၅)ပေရှိသည့် ဘောလုံးအားကစား လေ့ကျင့်ကွင်းဖောက်လုပ်ပေးရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တောင်ဥက္ကလာပမြို့နယ်ရှိ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားထားသော မြေကွက်တို့အနက်မှ တစ်နေရာရာအား ဖူဆယ်အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အားကစားကွင်း ဆိုင်းဘုတ်တပ်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိ

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ်ရှိ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားထားသော (၄)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၇)ရပ်ကွက်တို့ရှိ မြေကွက်တို့အနက်မှ တစ်နေရာရာအား ဖူဆယ်အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အားကစားကွင်း ဆိုင်းဘုတ်တပ်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးညီထွန်းက တောင်ဥက္ကလာပ မြို့နယ် ၄ ရပ်ကွက်၊ သုတ ၆ လမ်းထိပ် မြေကွက်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အမည်ပေါက် စီမံခန့်ခွဲသော မြေဖြစ်ပြီး အနာဂတ်မြို့ပြစီမံကိန်း ဆောင်ရွက်ရန် မြေဧရိယာများအဖြစ် တည်ရှိသော မြေနေရာဖြစ်ပါကြောင်း။

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၊ ကေတုမတီ(၁၇)လမ်း၊ (၁၈) လမ်းထိပ် အုပ်ချုပ်ရေးမှူးရုံးနောက်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့မြေစာရင်းနှင့် မြို့ကွက်ကျမြေပုံတို့တွင် တောင်ဥက္ကလာပမြို့နယ် မြေတိုင်း ရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် -၆၊ ၅၁၈၊ ဧရိယာ (၂ ဒသမ၇၇)ဧက၊ မြေအမျိုးအစား- ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေ၊ အမည်ပေါက်-အင်ဂျင်နီယာ ဌာန(လမ်းနှင့် တံတား) ရေလှောင်ကန်နေရာ၊ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီဟု မှတ်သားတည်ရှိပါကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နှင့် တစ်ဆက်တစ်စပ်တည်း မြေဧရိယာအစိတ်အပိုင်းတွင် ကလေးကစားနည်း များဖြင့် ကစားကွင်းဧရိယာ ပြုလုပ်ထားကြောင်းနှင့် ကျန်မြေဧရိယာအား အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ရေစုကန်တူးဖော်ထားရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း။

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ ရှင်းသိဒ္ဓတ်(၉) လမ်း နှင့် (၁၀)လမ်းကြား (K.B.Z) ဘဏ်အနောက်ရှိ မြေကွက်သည် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန မြေနေရာပြန်လည် စိစစ်ချက်များအရ အဆိုပါ မြေကွက်အတွင်းသို့ ဝင်၊ ထွက်လမ်းပြုလုပ်နိုင် သည့်နေရာ၌ ကျူးကျော်မှုများရှိခြင်း၊ အဆိုပါ မြေကွက်ဧရိယာအတွင်းသို့ (၉)လမ်းနှင့် (၁၀)လမ်းသို့ မျက်နှာမူသည့် ဂရန်မြေကွက်များမှ နောက်ဖေး လမ်းကြားအပါအဝင် ကျူးလွန်အသုံးပြုထားမှုရှိခြင်း၊ အဆိုပါမြေကွက်ဧရိယာ သည် မြေပြင်နိမ့်ပိုင်းဖြစ်၍ မိုးရာသီတွင် ရေအနက် ၅ ပေခန့်ရှိပြီး ချုံနွယ် ပိတ်ပေါင်းများ ပေါက်ရောက်နေခြင်း၊ ယင်းမြေကွက်နေရာသည် နောက်ဖေး လမ်းကြားများတွင် တည်ရှိပြီး လူနေအိမ်များ၏အလယ်တွင် တည်ရှိသော ကြောင့် အားကစားကွင်းများအဖြစ် တည်ဆောက်ရန် မသင့်တော်ကြောင်း ကော်မတီသို့ စိစစ်တင်ပြချက်များအရ မြို့မြေစာရင်းမှတ်သားမှုတွင် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်အဖြစ် မှတ်သားခဲ့ခြင်း ဖြစ်ပါကြောင်း။

အဆိုပါမြေနေရာများအား သက်ဆိုင်ရာ အသုံးပြုဌာနများကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လည်းကောင်း ကျူးကျော်ဝင်ရောက်မှုမရှိစေရေးနှင့် မေးခွန်းပါ တစ်ဦးဦးရယူသွားခြင်းမှ ကာကွယ်နိုင်ရန်ဆိုသည့် အချက်အားလည်း ကြပ်မတ်ဆောင်ရွက်သွား မည်ဖြစ်ပြီး အဆိုပါမြေနေရာများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေစီမံခန့်ခွဲမှု ဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲ ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး


ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်


နေပြည်တော်ကောင်စီအဖွဲ့ဝင်
ဦးညီထွန်း


သံတောင်ကြီးမဲဆန္ဒနယ်မှ
ဦးစောဖစ်တာခလိုက်


တောင်ဥက္ကလာပမဲဆန္ဒနယ်မှ
ဒေါက်တာဦးစောနိုင်


ပဲခူးမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ရွှေပုံ

ဆက်လက်၍ ဒေါက်တာဒေါ်ခင်စည်သူ၏ **၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ယခုလက်ရှိ မက်သဒုံးဆေး တိုက်ကျွေးနေသည့်ဌာန (၅၅) ခုအပြင် ထပ်မံတိုးချဲ့ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ(၂၀၁၅)နှင့် နည်းဥပဒေ (၂၀၁၇) ပြဋ္ဌာန်းချက်များပါ အချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း ပြန်လည်သန်စွမ်းရေး ဆေးရုံ (၁)ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း၊ တန့်ဆည် မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **တန့်ဆည်မြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် ချထားပေးခဲ့သော တည်ဆောက်ရေးလုပ်ငန်းအချို့မှာ မည်သည့်အတွက်ကြောင့် ဆောင်ရွက်ချိန်နောက်ကျခြင်းနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမရှိသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည် တော်ကောင်စီ အဖွဲ့ဝင် ဦးတင်ထွန်းကလည်းကောင်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လက်ရှိရန်ကုန်မြို့ ရေပေးဝေမှုအခြေအနေနှင့် တိုးပွားလာမည့် ရန်ကုန်မြို့နေ လူထုအတွက် ရေလုံလောက်စွာ ပေးဝေနိုင်ရန် မည်သို့စီမံထားသည်ကို သိလိုခြင်း** မေးခွန်းနှင့် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင် မောင်ဦး၏ **၂၀၁၈ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအသစ် အကျိုး သက်ရောက်နိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်နိုင်ရန်အတွက် စည်ပင်သာယာရေးဝန်ထမ်းအင်အားနှင့် ယာဉ်စက်ယန္တရား အင်အားများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံဖြည့်တင်းဝယ်ယူရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးညီထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်သို့ တင်သွင်း

ထို့နောက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်းက မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာ ဝေဖြိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ တင်သွင်းသည့် **စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil Political Rights-ICCPR)ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံက စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ကုလသမဂ္ဂအဖွဲ့နှင့် ပိုမိုချိတ်ဆက်လာနိုင်မည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် ယန္တရားများကို နိုင်ငံတော်အစိုးရက ခိုင်မာအားကောင်းအောင် ထူထောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုလည်း ပိုမိုလွတ်လပ်ခိုင်မာသည့် အဖွဲ့အစည်းအဖြစ် ထူထောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါစာချုပ်သည် လူ့အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ လူနည်းစုအခွင့်အရေးတို့ကို ကာကွယ်ပေးနိုင်သည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းကြောင့် တိုင်ကြားလာမှုများ၊ လူ့အခွင့်အရေးအပေါ် ထိပါးနှောင့်ယှက်သည့် ဥပဒေများကြောင့် အရေးယူခံရသည့်အဖြစ်များမှ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် တရားဥပဒေစိုးမိုးမှုနှင့် တရားရေးမဏ္ဍိုင် အားကောင်းလာမည်ဖြစ်သည့်အတွက် အဂတိလိုက်စားမှုများ လျော့ပါးလာအောင် လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ စာချုပ်ပါအခွင့်အရေးများကို အမျိုးသမီးများလည်း တန်းတူအခွင့်အရေးများ ရရှိလာစေရန် လုပ်ဆောင်ပေးရမည်ဟု ပါရှိသည့်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို တားဆီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေးဆွဲနေသည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးရေးဥပဒေအပေါ် သက်ရောက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ သတိပြုစရာအနေဖြင့် စာချုပ်တွင်ပါဝင်သော ကတိပြုချက်များသည် စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းမှသာ သက်ဆိုင်ပြီး နောက်ကြောင်းပြန်အရေးယူ၍ မရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တွင် မြန်မာနိုင်ငံက ၂၀၁၉ ခုနှစ်အတွင်း ICCPR ကို ပဏာမလက်မှတ်ရေးထိုးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည့်အတွက် အဆိုပါစာချုပ် ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများနှင့် ကိုက်ညီမှုရှိသဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ဆန္ဒရှိမှုကိုပြသရာရောက်သည့်အတွက် လက်မှတ်ရေးထိုးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်းက ဒီမိုကရေစီအားကောင်းသည့် အမေရိကန်နိုင်ငံသည်ပင်လျှင် ၁၉၇၇ ခုနှစ်တွင် ကနဦး လက်မှတ်ရေးထိုးပြီး ၁၅ နှစ်အကြာ ၁၉၉၂ ခုနှစ်မှ အတည်ပြုပါဝင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ် နုနယ်နေသေးသည့် မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းချက်များအား လိုက်နာအကောင်အထည်ဖော်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှုရှိရခြင်း၊ စာချုပ်တွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ကျယ်ပြန့်စွာပါရှိသည့်အတွက် အချိန်ယူလေ့လာရန် လိုအပ်နေသေးခြင်း၊ တည်ဆဲဥပဒေများတွင် စာချုပ်ပါအချက်များအား ထည့်သွင်းပြဋ္ဌာန်းရခြင်း၊ လိုက်လျောညီထွေမှုရှိသည့် ဥပဒေအသစ်များ ပြဋ္ဌာန်းရန်လိုအပ်နေခြင်း၊ ပြဋ္ဌာန်းချက်များအား အပြည့်အဝလိုက်နာနိုင်မှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသုံးသပ်ရန် လိုအပ်ခြင်း၊ စာချုပ်လိုက်နာကျင့်သုံးရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် အစီမံများချမှတ်ရန် လိုအပ်နေသေးခြင်းတို့ကြောင့် ICCPR စာချုပ်အား လုံလောက်သည့် အချိန်ယူလေ့လာမှုပြုလုပ်သင့်ကြောင်း ထောက်ပြဆွေးနွေးသည်။

စာမျက်နှာ ၇ သို့ ❖

# လူငယ်လူရွယ် အလုပ်သမားများ ပြည်တွင်း၌သာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရန် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁) ခု ဆွေးနွေးခြင်းနှင့် အစီရင်ခံစာ (၁)ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ချင်းပြည်နယ်တစ်ခုတည်းတွင်ရှိသည့် တိုင်းရင်းသားလူမျိုး (၅၃)မျိုးဟု ဖော်ပြထားခြင်းကို လက်ရှိအနေအထားအရ မြေပြင်ကွင်းဆင်းစိစစ်၍ ပြန်လည်သုံးသပ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေး

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၏ **မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ချင်းပြည်နယ်တစ်ခုတည်း၌ တိုင်းရင်းသားလူမျိုး (၅၃)မျိုးဟု ဖော်ပြထားခြင်းကို မြေပြင်ကွင်းဆင်းစိစစ်၍ ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တိုင်းရင်းသားမျိုးနွယ်စုများ၏အမည် ပြင်ဆင်သတ်မှတ်ခြင်း၊ တိုင်းရင်းသားလူမျိုးနွယ်စုများ ပြန်လည်သတ်မှတ်ခြင်းကိစ္စသည် များစွာနက်နဲခက်ခဲသိမ်မွေ့ပါကြောင်း၊ လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ တာဝန်များ၊ လုပ်ငန်းစဉ်များသည်လည်း များပြားပြီး ထိလွယ်ရှလွယ်သည့် ကိစ္စတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ချင်းပြည်နယ်တစ်ခုတည်းတွင်ရှိသည့် တိုင်းရင်းသားလူမျိုး (၅၃)မျိုးဟု ဖော်ပြထားခြင်းကို လက်ရှိအနေအထားအရ မြေပြင်ကွင်းဆင်းစိစစ်၍ ပြန်လည်သုံးသပ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်လူရွယ်များ ပြည်ပထွက်ခွာလုပ်ကိုင်မှုများ လျော့ချစေပြီး ပြည်တွင်းအလုပ်အကိုင်များ ပိုမိုဖန်တီးပေးမည့် အစီအမံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံလုပ်သားစုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အလုပ်အကိုင် (၂၉) မျိုးအတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပေးအပ်လျက်ရှိပါကြောင်း၊ စက်မှုကျွမ်းကျင်လုပ်သားလိုအပ်ချက် ဖြည့်ဆည်းပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုသင်တန်းကျောင်း (၆) ကျောင်းတွင် စက်မှုကျွမ်းကျင်လုပ်သားများကို နှစ်စဉ် (၁၀၀၀)ခန့် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသတွင်ရှိသည့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူငယ်လူရွယ် အလုပ်သမားများ ပြည်တွင်း၌သာ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရန်အတွက် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် မူဝါဒ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့်လည်း ခိုင်မာသည့် မူဝါဒများ၊ ရည်ရွယ်ချက်များဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနများသာမကဘဲ NGO၊ INGO နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ မိမိတို့လုပ်ငန်းများ ပိုမိုအခွင့်အရေးပေါ် ပေါက်လာရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း ဒေသအနှံ့ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး လူငယ်လူရွယ်များ ဒေသတွင်း အလုပ်အကိုင်များ ပိုမိုရရှိစေရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ တိကျသည့်စီမံချက်များ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **နိုင်ငံအနှံ့ရှိ အင်းအိုင် ချောင်းမြောင်းများအား ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေသော ဥပဒေမဲ့ လုပ်ရပ်များအား ထိရောက်စွာ တားဆီးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်


ဒုတိယဝန်ကြီး
ဦးလှကျော်


မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးဖေတင်

ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အရေးယူဆောင်ရွက်လျက်လည်း ရှိပါကြောင်း၊ နောင်ဖြစ်ပေါ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အင်းများ ပြန်လည်တိုင်းတာရန် လိုအပ်ပါက လိုအပ်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနမှ တိုင်းတာဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **အစိုးရဌာနပေါင်းစုံမှ ပင်စင်စားပုဂ္ဂိုလ်ကြီးများအနက် ဆန္ဒရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူမှုဖူလုံရေး ခံစားခွင့်ရရှိရေးကိစ္စအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရန်လုံကျိုင်းဂိတ်နှင့် ချင်းရွှေဟော်နယ်စပ်ဂိတ်များ ဝင်ထွက်သွားလာမှု အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် မော်တော်ဆိုင်ကယ် လိုင်စင်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းတို့အတွက် အမြဲတမ်းဌာနခွဲတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **ရေစကြိုမြို့နှင့် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ မြောင်မြို့နယ် ကျေးရွာများသို့ ဇက်ကလပ်ရေယာဉ် ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာ့ပင်လယ်ရေပြင်တွင် ငါးသယံဇာတများ ပြုန်းတီးနေခြင်းကို ကာကွယ်ထိန်းသိမ်းနိုင်ရန် ကမ်းဝေးငါးဖမ်းလှေများအား သက်တမ်းကာလ သတ်မှတ်ပေးရန်နှင့် သက်တမ်းကုန်လှေများအား လိုင်စင်သက်တမ်း ထပ်မံတိုးမပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်မှ ပြည်သူများအား ပြည်ထောင်စုဘဏ္ဍာငွေ သို့မဟုတ် အတိုးနှုန်းသက်သာသော နိုင်ငံတကာချေးငွေများဖြင့် စိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းများ ခရိုင်အလိုက် ထူထောင်ဖွင့်လှစ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၏ **ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၁၉)၊ (၇၃၂-ခ)၊ (၇၃၃) တို့နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ အကောင်အထည်ဖော် ဆောင်ရွက်မှု ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်**စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း**က အဆိုပြုပြဋ္ဌာန်းချက်ထဲတွင် မှတ်တမ်းဆိုသည်မှာ အစိုးရဌာနတစ်ခုခု၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်သည့် သို့မဟုတ် ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်း၊ ပုံနှိပ်စာပေ၊ လက်ရေးစာပေ၊ မြေပုံများ၊ ဓာတ်ပုံများ၊ မိုက်ခရိုဖလင်များ၊ ရုပ်သံမှတ်တမ်းများ၊ မင်စာ၊ ကျောက်စာများမှ သွင်းယူထားသော အထောက်အထားများ၊ အီလက်ထရွန်နစ်နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများနှင့် အခြားမည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသော အချက်အလက်မှတ်တမ်းများကို ဆိုသည်ဟူသည့် အဆိုပြုပြဋ္ဌာန်းချက်၏အောက်တွင် မှတ်တမ်းတင်ထားသော လူပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂလိကမှတ်တမ်းများလည်း ပါဝင်သည်ဆိုခြင်းကို ဖြည့်စွက်လိုပါကြောင်း။

အခန်း(၂) အပိုဒ် ၃ တွင် မှတ်တမ်းမော်ကွန်းများကို နိုင်ငံသားတိုင်း လွယ်လင့်တကူ လက်လှမ်းမီ ကြည့်ရှုအသုံးပြုနိုင်ရန်နှင့် တစ်သီးပုဂ္ဂလနှင့်ဆိုင်သော မှတ်တမ်းများကို ဝင်ရောက်ဖြည့်စွက်ခြင်းမှ အကာအကွယ်ရရှိရန် ဆိုသည့် အချက်ကို ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် အခြားသင့်လျော်သော အဖွဲ့ဝင်နိုင်ငံသားများဆိုပြီး အဆိုပြု ပြဋ္ဌာန်းချက်တစ်ခုတွင် ပါဝင်ပါကြောင်း၊ မိမိအနေဖြင့် အခြားသင့်လျော်သော အဖွဲ့ဝင်နိုင်ငံသားများ၏ နောက်တွင် မနုဿဗေဒပညာရှင် သို့မဟုတ် သမိုင်းပညာရှင်များဟူ၍ ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၄) အပိုဒ် ၅တွင် မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့် အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကြီးကြပ်ရေးအဖွဲ့သို့ တင်သွင်းလာသည့် အယူခံကိစ္စရပ်များအား စိစစ်ဆုံးဖြတ်ခြင်းဆိုသည့်အပိုဒ်ကို ထပ်မံ ဖြည့်စွက်လိုပါကြောင်း။

ထို့ပြင် အမျိုးသားလုံခြုံမှု အဆင့်အတန်းသတ်မှတ်ထားသည့် မှတ်တမ်းမော်ကွန်းများကို ဖတ်ရှုလေ့လာရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် အကိုးအကားပြုလုပ်ရန် ဌာနဆိုင်ရာသုတေသီများက တောင်းခံပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအကဲ၏ ထောက်ခံစာပါရှိလျှင် ညွှန်ကြားရေးမှူးချုပ်သည် ထိုသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်ဟု အဆိုပြု ပြဋ္ဌာန်းချက်တွင် ပါဝင်ပါကြောင်း၊ ယင်းအောက်တွင် ပြင်ပသုတေသီများက တောင်းခံလာပါက စိစစ်ပြီး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်ဆိုသည့်အချက်ကို ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါ်အိအိပြုံးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၁၉)**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

## ပဲခူးနှင့် ဘီးလင်းမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

**ပဲခူးမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ဘီးလင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/၉လ

# မြန်မာနိုင်ငံလွတ်လပ်ရေးခေတ်ဦး သတင်းစာကြီးများနှင့် ကာတွန်းဆရာကြီးများ

**မောင်မိုးသူ**

မြန်မာနိုင်ငံမှာ ဖဆပလအဖွဲ့ချုပ်ကြီးရဲ့လွတ်လပ်ရေး ကြိုးပမ်းမှုများနောက် လွတ်လပ်ရေးခေတ်ဦးကာလ များမှာ မြန်မာနိုင်ငံမှာ အလွန်ထင်ရှားအောင်မြင်တဲ့ သတင်းစာကြီးများ၊ ကာတွန်းဆရာကြီးများ အများ အပြား ပေါ်ပေါက်ခဲ့ပါတယ်။

သတင်းစာများမှာ ရန်ကုန်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဟံသာဝတီသတင်းစာ၊ ဗမာ့ခေတ်သတင်းစာ၊ ထွန်းနေခြည်သတင်းစာ၊ အိုးဝေသတင်းစာ အစရှိသဖြင့် သတင်းစာကြီးများ ပေါ်ပေါက်လာတဲ့အပြင် အရှေ့တောင်အာရှမှာ ပထမဆုံးစက္ကူလိပ်နှင့် တစ်ခါတည်းရိုက်နှိပ်တဲ့ ကြေးမုံသတင်းစာတိုက် ပေါ်ထွက်လာခဲ့ပါတယ်။

**အများအပြား ပေါ်ပေါက်ခဲ့**

ယင်းသတင်းစာကြီးများနဲ့အတူ သတင်းစာဆရာ ကြီးများ၊ ကာတွန်းဆရာကြီးများလည်း အများအပြား ပေါ်ပေါက်ခဲ့ပါတယ်။ ကာတွန်းဆရာ ဦးဘဂျမ်းမှာ ထိုခေတ်ထိုအခါက သတင်းစာများမှာသာမက မဂ္ဂဇင်း များမှာ ရေးဆွဲလေ့ရှိပြီး အထင်ရှားဆုံး ကာတွန်း ဆရာကြီးတစ်ဦး ဖြစ်ပါတယ်။ သတင်းစာများတွင် နိုင်ငံရေးကာတွန်းများ ရေးဆွဲတဲ့နည်းတူ ရှုမဝ မဂ္ဂဇင်းမှာ ပုံပြင်များ၊ သရုပ်ဖော်ပုံများလည်း ရေးဆွဲ လေ့ရှိပါတယ်။ ကာတွန်းဆရာကြီး ဦးဟိန်စွန်းကမူ ခေါင်းမာတဲ့ကာတွန်းဆရာ အမည်နဲ့ ထင်ရှားသူ ဖြစ်ပါတယ်။ ဆရာဦးဖေသိန်းက နိုင်ငံရေးပုံပြင်နဲ့ တခြားကာတွန်းများ ရေးဆွဲလေ့ရှိပါတယ်။ ဆရာ ဦးဘထွေး၊ မြေဇာတို့မှာ တစ်ကြောင်းဆွဲ တစ်ကွက် ကာတွန်းများဖြင့် ထင်ရှားကြသူများဖြစ်ပါတယ်။ ကာတွန်းဦးအောင်ရှိန်က ကြေးမုံခင်ဆိုတဲ့ ဇာတ်ရုပ်တွေ ကိုလည်း ရေးဆွဲခဲ့ပါတယ်။

**အလွန်အောင်မြင်**

ထိုနည်းတူ ဘားမားစတားစာစောင်မှာလည်း ကာတွန်းဦးအောင်ရှိန်ရဲ့ ဦးလူပေါနဲ့ ဦးလူချောဇာတ်ရုပ် များဟာ ထင်ရှားလှပါတယ်။ ဦးလူပေါမှာ ကတုံးနဲ့ဖြစ်ပြီး ဦးလူချောမှာ သျှောင်ထုံးနဲ့ဖြစ်ပါတယ်။ ထိုအချိန်တွင် မဂ္ဂဇင်းများအပြိုင်အဆိုင် ထွက်ပေါ်သည့်နည်းတူ ကာတွန်းစာစောင်များလည်း အပြိုင်အဆိုင်ထုတ်ဝေ ကြပါတယ်။ အများဆုံးထုတ်ဝေတဲ့ တိုက်နှစ်တိုက်မှာ ဦးဘရီသမီးများတိုက်နဲ့ ကိုတင်အောင်၊ မစန်း တိုက် များမှ ဖြစ်ပါတယ်။ ဦးဘရီသမီးများတိုက်မှ ကာတွန်း အောင်ရှိန်ရဲ့ နာမည်ကျော်ဇာတ်ဆောင်များဖြစ်တဲ့ ဦးရှုံစား၊ ဦးဒိန်းဒေါင်၊ မျောက်ညိုနဲ့ ဦးစိတ်တို၊ ဦးကပ် စေး၊ သိပ္ပံဆရာကြီး ဦးဖိုးဆိတ်ဖြူတို့မှာ အလွန်ထင်ရှားပါ တယ်။ ကိုတင်အောင်၊ မစန်းတိုက်မှ ထုတ်ဝေတဲ့ မောင်ကမ္ဘာကာတွန်းစာစောင်များဟာလည်း အလွန် အောင်မြင်ခဲ့ပါတယ်။

ထိုနည်းတူ ရွှေဂေါင်းပြောင်နဲ့ သူရဲ့ရဲဘော်များ စွန့်စားခန်းများကို ရေးဆွဲပြီး ကာတွန်းဆရာအောင်အောင် ဟာ ထင်ရှားလာပါတယ်။ ၎င်း ရွှေဂေါင်းပြောင်ဇာတ်လမ်း ကို ရုပ်ရှင်ဇာတ်ကားအဖြစ် တိုးညွန့်ခေါင်းဆောင်ပါ ဝင်ပြီး ရိုက်ကူးဖြစ်ခဲ့ပါတယ်။ ထိုနည်းတူ ရှုံစား၊ ဒိန်းဒေါင် ဇာတ်ကားများကိုလည်း ကိုသန်းနွဲ့၊ ကိုမြင့်ဖေတို့ ဦးဆောင်ရိုက်ကူးခဲ့ပါတယ်။ ဒါရိုက်တာမှာ မြိတ်ကလာတဲ့ ငံပြာရည် ဖြစ်ပါတယ်။

ကာတွန်းအောင်ရှိန်နဲ့ မောင်မိုးသူ သိကျွမ်းရင်းနှီးကြ သော်လည်း အလုပ်အတူတူမလုပ်ခဲ့ဖူးပါ။ အလုပ်အတူတူ လုပ်ခဲ့ဖူးသူမှာ ကာတွန်းဆရာသော်က ဖြစ်ပါတယ်။ ကာတွန်းဆရာသော်ကရဲ့ အရိုင်းဇာတ်ရုပ်နဲ့ ရုပ်ပြများဟာ အလွန်ထင်ရှားပါတယ်။ အရိုင်းကာတွန်းစာအုပ်များကို ဘားလမ်းမှာ မောင်မိုးသူရဲ့ မိတ်ဆွေဖြစ်သူ ကိုမင်းဆွေ တိုက်မှ အလွန်အောင်မြင်စွာ ထုတ်ဝေခဲ့ကြပါတယ်။ ကိုမင်းဆွေမှာ စာအုပ်ထုတ်လုပ်ရာတွင် အလွန်သပ်ရပ် သေချာသူဖြစ်ပြီး အရိုင်းကာတွန်းစာအုပ်ရဲ့ အဖုံးများကို ကိုသော်ကက ရုပ်ပုံများရေးဆွဲရပြီး နောက်ခံရှုခင်းနှင့် အရောင်များကို မောင်မောင်သိုက်က ခြယ်မှုန်းရပါ တယ်။

**အမြဲသွားရောက်လေ့ရှိ**

မဂ္ဂဇင်းများနဲ့ သတင်းစာများတွင် ထင်ရှားတဲ့ ကာတွန်းဆရာများဖြစ်တဲ့ ကာတွန်းမောင်စိန်၊ ကာတွန်း ရွှေမင်းသား၊ ကာတွန်းငွေကြည်၊ ကာတွန်းမြေဇာ၊ ကာတွန်းသော်ကတို့ ရေးဆွဲလေ့ရှိကြပါတယ်။ ကာတွန်း ဝင်းမောင်ရဲ့ မိမော်မေမ ကာတွန်းများဟာ ထိုခေတ် ထိုအခါက အလွန်ထင်ရှားသော ကာတွန်းများဖြစ်ပါ တယ်။ ကာတွန်းအောင်ရှိန်ရဲ့ ဦးရှုံစား၊ ဦးဒိန်းဒေါင်တို့ နာမည်ကြီးသကဲ့သို့ ကြံ့ဖဟုံးကလည်း ထင်ရှားလှပါ တယ်။ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာများအနက် ဆရာဦးအုန်းလွင်၊ ဦးဆန်းလွင်၊ ဦးကိုလေးတို့က အလွန် ထင်ရှားကြပြီး ဦးသောင်းဟန်ဟာ ရေးချက်အသစ်များနဲ့ ထင်ရှားတဲ့ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာကြီးတစ်ဦး ဖြစ်လာပါတယ်။ စာနယ်ဇင်းလောကကို ရောက်ရှိနေပြီ ဖြစ်တဲ့ မောင်မိုးသူက ကိုတင်အောင်၊ မစန်းရဲ့တိုက်မှာ ကိုနတ်နွယ်ထိုင်သည်ဖြစ်၍ အမြဲသွားရောက်လေ့ရှိပါ တယ်။

မောင်မိုးသူရဲ့ မိုးဦးပန်းစာအုပ်များကို ကိုတင်အောင်၊ မစန်းပုံနှိပ်တိုက်တွင် စတင်ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါ တယ်။ ကိုတင်အောင်၊ မစန်းတိုက်ကနေ မီးရထားသံလမ်း ခုံးကျော်တံတားအမည်းကို ကျော်ဖြတ်လိုက်တာနဲ့ တစ်ဖက်မှ ရေကျော်ဝတ်ကျောင်းလမ်းသို့ ရောက်ရှိပါ တယ်။ ရေကျော်ဝတ်ကျောင်းလမ်းတွင် ခင်ကျော် ဘလောက် တိုက်ရှိပါတယ်။ ကိုတင်အောင်၊ မစန်းတိုက်မှ ကိုနတ်နွယ်ဦးစီးတဲ့ မိုးဝေမဂ္ဂဇင်းမှာ ရှစ်ချိုးနှစ်ကျပ်တန် ဖြစ်ပြီး ရေကျော်ဝတ်ကျောင်းလမ်းမှ ဖိုးခင်ဦးရဲ့ လျှို့ဝှက် သည်းဖိုမဂ္ဂဇင်းမှာ တစ်ဆယ့်ခြောက်ချိုး တစ်ကျပ်တန် ဖြစ်ပါတယ်။ အယ်ဒီတာက မောင်သက်နောင်နဲ့ မောင်သိန်းဆိုင်တို့ ဖြစ်ပါတယ်။ တစ်ကျပ်တန် လျှို့ဝှက် သည်းဖိုမဂ္ဂဇင်းဟာ ဘလောက်တိုက်ပိုင်ရှင်က ထုတ်ဝေတဲ့ မဂ္ဂဇင်းဖြစ်တဲ့အတွက် ပန်းချီပုံများ အများ ကြီးသုံးခြင်း၊ ကာတွန်းပုံများ အများကြီးသုံးနိုင်ခြင်း တို့ကြောင့် မြန်မာနိုင်ငံရဲ့ အထင်ရှားဆုံးပန်းချီဆရာများ၊ ကာတွန်းဆရာများမှာ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းထွက် ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ထိုအချိန်တွင် တစ်ကျပ်တန် စံရွှေမြင့် ရုပ်ပြစာအုပ်များလည်း အလွန်အောင်မြင် ထင်ရှားခဲ့ပါတယ်။ စံရွှေမြင့်ကိုဖန်တီးသည့် ပန်းချီ ဆရာမှာ ကာတွန်းမြင့်သိန်းဖြစ်ပြီး သန်လျင်မှာ နေထိုင် သူတစ်ဦးဖြစ်ရာ မောင်မိုးသူရဲ့ သောက်ဖော်စားဖက် မိတ်ဆွေတစ်ဦးလည်း ဖြစ်ပါတယ်။ ထို့ကြောင့် သန်လျင်ဘက်ကမ်းက ကိုမြင့်သိန်းအိမ်ကို တကူး တက သွားရောက်ပြီး သောက်စားဖြစ်ခဲ့ပါတယ်။ ကာတွန်းမြင့်သိန်းရဲ့ စံရွှေမြင့်ဇာတ်လမ်းများကို ရုပ်ရှင်ကုမ္ပဏီများက ဝယ်ယူရိုက်ကူးခြင်းများ ပြုလုပ်ကြပါတယ်။ ထိုအခါ ကာတွန်းမြင့်သိန်းက မောင်မိုးသူအား သူကိုယ်တိုင်ထုတ်လုပ်တဲ့ စံရွှေမြင့် ဇာတ်ကားတစ်ကားရိုက်ကူးဖို့ အပ်နှံခဲ့ပါတယ်။ ထိုအချိန်က မောင်မိုးသူဟာ မှုန်နံ့သာခြယ်ကာလ ပါလို့ ကျနော့်နာမည်ကျော်ကျော် ဇာတ်ကားများကို ရိုက်ကူးအပြီး ရန်ကင်းရုပ်ရှင် ဦးထွန်းဝေအတွက် သက်ထားဆိုသော မိန်းမချောဇာတ်ကားကို ရိုက်ကူး နေရာ ရန်ကင်းရုပ်ရှင်မှာ ပန်းချီဦးအေးမြင့်၊ ပန်းချီပေါ်ဦးသက်၊ ဝင်းဖေတို့နဲ့အတူ အမြဲထိုင်လေ့၊ သောက်စားလေ့ရှိပါတယ်။ ကာတွန်းမြင့်သိန်းနဲ့ သူ့ရဲ့အစ်ကိုတို့က မောင်မိုးသူအား စံရွှေမြင့် ဇာတ်ကားတစ်ကားရိုက်ကူးရန် အပ်နှံခဲ့ရာ စံရွှေမြင့် လေးခင်ခင်ဇာတ်ကားမှာ မောင်မိုးသူ တာဝန်ခံရိုက်ကူး ပေးခဲ့ရပါတယ်။ စံရွှေမြင့် လေးခင်ခင်ဇာတ်ကားမှာ ဇော်လင်း၊ ထွန်းထွန်းဝင်းနဲ့ နွဲ့နွဲ့မူတို့ ခေါင်းဆောင် ပါဝင်ကြပါတယ်။

ဤသို့ ဤသို့အားဖြင့် စာပေလောကသို့ ရောက်ရှိနေတဲ့ မောင်မိုးသူဟာ မဂ္ဂဇင်းတိုက်များ နဲ့လည်း ရင်းနှီး၊ ပန်းချီဆရာများနဲ့လည်း ရင်းနှီး၊ ကာတွန်းဆရာများနဲ့လည်း ရင်းနှီးသည့်အပြင် ရုပ်ရှင်ဇာတ်ကားများပါ ရိုက်ကူးဖြစ်တဲ့အတွက် ရုပ်ရှင်လောကသားများနဲ့လည်း ရင်းနှီးသူတစ်ဦး ဖြစ်လာပါတယ်။ ။

**ဘားမားစတားစာစောင်မှာလည်း ကာတွန်းဦးအောင်ရှိန်ရဲ့ ဦးလူပေါနဲ့ ဦးလူချောဇာတ်ရုပ်များဟာ ထင်ရှားလှပါတယ်။ ဦးလူပေါမှာ ကတုံးနဲ့ဖြစ်ပြီး ဦးလူချောမှာ သျှောင်ထုံးနဲ့ ဖြစ်ပါတယ်။ ထိုအချိန်တွင် မဂ္ဂဇင်းများအပြိုင်အဆိုင် ထွက်ပေါ်သည့်နည်းတူ ကာတွန်းစာစောင်များလည်း အပြိုင်အဆိုင်ထုတ်ဝေကြ။**

❍ ရှေ့ဖုံးမှ

အသုံးအဆောင်များကိုလည်း ပြသထားမည်ဖြစ်သောကြောင့် ထိုခေတ် ရန်ကုန်မြို့၏ သမိုင်းကြောင်း နှင့် လူမှုဘဝနေထိုင်မှုများအား လေ့လာနိုင်မည်ဖြစ်သည်။

စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် "ရုံးပိတ်ရက်များတွင် ဝန်ကြီးများရုံး၌ ဈေးဝယ်ထွက်ခြင်း" အစီအစဉ်အဖြစ် မြန်မာ့ရိုးရာကုန်ပစ္စည်းများ၊ အလှကုန်များနှင့် အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး၊ လက်ကိုင်အိတ်များနှင့် လက်မှုပစ္စည်းများကို Singapore-Myanmar Invest Co., Ltd.(SMI) မှ ရောင်းချပေးသွားမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် "မိသားစု၊ မိတ်ဆွေများနှင့် ရုံးပိတ်ရက်ကို ဝန်ကြီးများရုံးတွင် ကုန်ဆုံးခြင်း" အစီအစဉ်အဖြစ် ပျော်ရွှင်ဖွယ်ရာ ကစားနည်းများ၊ ကလေးငယ်များအတွက် ပုံပြောခြင်းနှင့် အသက် ၁၀ နှစ်အောက် ကလေးများအတွက် ကစားကွင်းအစီအစဉ်၊ ပညာရေး အထောက်အကူပြု ကစားနည်းများအပြင် အမျိုးသမီးများအတွက် ကွင်းပြင်ဈေးရောင်းပွဲတော် အစရှိသည့် အစီအစဉ်များကို ကျင်းပမည်ဖြစ်ပြီး ဈေးရောင်းပွဲမှရရှိသည့် အမြတ်အချို့အား ရေဘေးသင့်ပြည်သူများထံ လှူဒါန်းသွားမည်ဖြစ်သည်။

The Secretariat Yangon ၏ Commercial Director Mr. Steven Stubblefield က "ဝန်ကြီးများရုံးဟာ မြန်မာ့သမိုင်းမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ အခုအစီအစဉ်က မြန်မာနိုင်ငံက အတိတ်က မျိုးဆက်တွေနဲ့ လက်ရှိမျိုးဆက်တွေအကြား ကွာဟမှုတွေကို တံတားခင်းပေးနိုင်ဖို့ ရည်ရွယ်ထားပြီး ဝန်ကြီးများရုံးရဲ့ သမိုင်းသစ်ကို လက်တွဲဖော်ဆောင်ကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

ထို့ပြင် လာရောက်လေ့လာသူများ၏ အတွေ့အကြုံများအား လူမှုကွန်ရက်တွင် ပြန်လည်မျှဝေနိုင်စေရန် selfie-contest တစ်ခုကိုလည်း ကျင်းပသွားမည်ဖြစ်ကာ ပါဝင်သူများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## မိတ္ထီလာမြို့ဖောင်တော်ဦးဗုဒ္ဓပူဇနိယပွဲ၌ လက်မှုပညာစက္ကူရုပ်များ ဝယ်ယူသူများပြား

**မိတ္ထီလာ စက်တင်ဘာ ၁၀**

မိတ္ထီလာမြို့(၁၃၆) ကြိမ်မြောက် ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်၌ ရောင်းချသော မြန်မာ့ရိုးရာ လက်မှုပညာစက္ကူရုပ်များကို ကျေးရွာဒေသများမှ ဗုဒ္ဓပူဇနိယပွဲတော် လာရောက်လည်ပတ်သူများ ပိုမိုဝယ်ယူကြောင်း စစ်ကိုင်းဒေသမှ လာရောက်၍ စက္ကူရုပ်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချသူ ဒေါ်ပေါက်ပေါက်ထံမှ သိရသည်။



"မိတ္ထီလာ ဖောင်တော်ဦးဗုဒ္ဓပူဇနိယ ပွဲတော်ရောက်တိုင်း မြန်မာ့ရိုးရာ လက်မှုပညာ စက္ကူရုပ်အရောင်းဆိုင်ကို ဖွင့်လှစ်ရောင်းချပါတယ်။ ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်၊ မြင်းရုပ် စတဲ့ အရုပ်မျိုးစုံကို မြန်မာ့ရိုးရာ လက်မှုပညာနဲ့ စက္ကူရုပ်များပြုလုပ်ပြီး ရောင်းချတာပါ။ မြန်မာ့ရိုးရာစက္ကူအရုပ် မျိုးစုံကို မြို့ပေါ်ဒေသက လူတွေထက် ကျေးလက်ဒေသက ဘုရားပွဲတော် လာရောက်လည်ပတ်တဲ့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေက ဝယ်ယူကြတာများတယ်။ အရုပ်အရွယ်အစားပေါ်မူတည်ပြီးတော့ ငွေကျပ် ၄၀၀၊ ငွေကျပ် ၁၅၀၀၊ ငွေကျပ် ၈၀၀၀ နဲ့ရောင်းပါတယ်"ဟု စစ်ကိုင်းမြို့မှ မြန်မာ့ရိုးရာစက္ကူရုပ် မျိုးစုံအရောင်းဆိုင် လာရောက်ဖွင့်လှစ်ရောင်းချသူ ဒေါ်ပေါက်ပေါက်က ပြောသည်။

မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားပွဲတွင် မြန်မာ့ရိုးရာစက္ကူရုပ်များကို တော်သတင်းလပြည့်နေ့ မတိုင်မီရက်နှင့် လပြည့်နေ့များတွင် ပိုမိုရောင်းချရကာ ဘုရားပွဲတော်ကာလတစ်လျှောက် ငွေကျပ် ခုနစ်သိန်း၊ ရှစ်သိန်းအထိ ရောင်းချရကြောင်း သိရသည်။

**ချမ်းသာ( မိတ္ထီလာ)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)နှင့်တွေ့ဆုံ

**နေပြည်တော်　စက်တင်ဘာ　၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross -ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephan Sakalian နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။



### ပြည်ဝင်ဗီဇာလွယ်ကူစေ

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ပြည်ဝင်ဗီဇာလွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှု၊ အခြားသောဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်နေသည့် နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာကိစ္စရပ်များ အဆင်ပြေလွယ်ကူစေရေးအတွက် ဆောင်ရွက်နေမှု၊ နိုင်ငံတကာ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ လုပ်ငန်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ICRC အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ရေးအတွက် ဘေးဒုက္ခကျရောက်သည့် ဒေသများနှင့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည့် ဒေသများ၌ ရုံးများဖွင့်လှစ်ကာ အကူအညီပေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ICRC မှ ကူညီဆောင်ရွက်နေမှုနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးမှု၊ ICRC ဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာကိစ္စရပ်များ အဆင်ပြေလွယ်ကူရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ လုပ်ငန်းများ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ICRC တို့အကြား နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ တွေ့ဆုံညှိနှိုင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် လုပ်ငန်းအခက်အခဲများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဥရောပရုပ်ရှင်ပွဲတော် ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပမည်

**ရန်ကုန်　စက်တင်ဘာ　၁၀**

မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံး နိုင်ငံခြားရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၂၈)ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံနှင့် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Gothe Villa တို့တွင် စက်တင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မင်္ဂလာရုပ်ရှင်ရုံ စင်ထရယ်ပွိုင့်တွင် စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း ပြသသွားမည်ဖြစ်သည်။

ပြသမည့်ရုပ်ရှင်ကားများသည် ဟာသမှ ဒရမ်မာ၊ မှတ်တမ်းရုပ်ရှင်မှ ကလေးများအတွက် ရုပ်ရှင်အထိ ပါဝင်မည်ဖြစ်ပြီး ဥရောပ ၁၆ နိုင်ငံမှ နာမည်ကြီးဇာတ်ကားပေါင်း ၂၁ ကား ပါဝင်ပြသမည်ဖြစ်သည်။

ဥရောပရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ကား ကိုးကားကို ပြသမည်ဖြစ်သည်။ စက်တင်ဘာ ၁၃ ရက်တွင် ဥရောပအရှေ့တောင်ပိုင်းဒေသ၌ အထီးကျန်ပျောက်ဆုံးနေရင်း မိမိကိုယ်ကိုယ် ရှာဖွေတွေ့ရှိသွားသော ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်တစ်ပါး၏ ဟာသဆန်ဆန် မှတ်တမ်းရုပ်ရှင်ဖြင့် စတင်ဖွင့်လှစ်ပြသမည်ဖြစ်သည်။

ရန်ကုန်မြို့ ဥရောပရုပ်ရှင်ပွဲတော်ကို အော်စကာဆုရ ပိုလန်ဒါရိုက်တာ Pawel Pawlikowski ရိုက်ကူးထားသော Cold War ရုပ်ရှင်ကားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ပြသမည်ဖြစ်သည်။ ဖိနှိပ်မှု၊ လွတ်လပ်မှုနှင့် ခက်ခဲကြမ်းတမ်းမှုများကို ကြုံတွေ့ရသည့် ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ညွှန်းရိုက်ကူးထားသည့် ဂန္ထဝင်မြောက် အဖြူအမည်းလက်ရာကားဖြစ်သည်။ ဥရောပရုပ်ရှင်ပွဲတော် လက်မှတ်များကို ပွဲမစမီ တစ်နာရီမှ ၁၅ မိနစ်အလိုအထိ ဦးရာလူစနစ်ဖြင့် အခမဲ့ ရယူကြည့်ရှုနိုင်ကြောင်း သိရသည်။ **အောင်သူရ**




❖ စာမျက်နှာ ၄ မှ

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်က စာချုပ်တွင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာကို အဓိကထားဖော်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ကျယ်ပြန့်စွာ ပါရှိသည့်အတွက် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေး စသည့် ကဏ္ဍများအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိနေနိုင်ပြီး အတည်ပြုပါဝင်သည့်အချိန်တွင်လည်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များ ရှိလာမည်ဖြစ်သည့်အတွက် အချိန်ယူစိစစ် ပြင်ဆင်ဆောင်ရွက်သင့်သည်ကို အကြံပြုဆွေးနွေးလိုပါကြောင်း။

ယခုအဆိုသည် အခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများက အပ်နှင်းထားသည့် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာရောက်သည့်အပြင် ပြည်ထောင်စုလွှတ်တော်ကသာ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စဖြစ်သောကြောင့် ပြည်သူ့လွှတ်တော်က အတည်မပြုသင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတက နိုင်ငံ၏ လူ့အခွင့်အရေးပုံရိပ်အတွက် အကြောင်းအမျိုးမျိုးကြောင့် ICCPR သို့ ဝင်ရောက်ရန် ဆောင်ရွက်မည်ဆိုပါက ကနဦးလက်မှတ်ရေးထိုးခြင်းအဆင့်ကိုသာ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ပေါင် မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်၊ လယ်ဝေး မဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး၊ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းရာတွင် မိမိတို့အနေဖြင့် ICCPR ကို ကနဦးလက်မှတ်ရေးထိုးရေးကိစ္စကို ဦးစားပေးရည်မှန်းချက်အဖြစ် သတ်မှတ်ထားပြီး၊ ပြည်တွင်းဥပဒေနှင့် လက်တွေ့အကောင်အထည်ဖော်ရေးဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလျက်ရှိပါကြောင်း၊ နိုင်ငံတကာစာချုပ်တစ်ရပ်သို့ ကနဦးလက်မှတ်ရေးထိုးခြင်းသည် နိုင်ငံရေးဆန္ဒကို ဖော်ပြခြင်းသာ ဖြစ်ပါကြောင်း၊ ကနဦးလက်မှတ်ရေးထိုးခြင်းသည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသေးသော်လည်း လက်မှတ်ရေးထိုးပြီးနောက် သင့်လျော်သည့်အချိန်တွင် အတည်ပြုပါဝင်ရန် ဆောင်ရွက်ရမည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

စာချုပ်ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လက်ရှိ ပြည်တွင်းတွင် ဆောင်ရွက်နေသည့် အချက်များနှင့် နှိုင်းယှဉ်လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း၊ စာချုပ်တွင်ပါဝင်သည့် အာတီကယ်များပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် စသည့် လိုအပ်သောအချက်များကို ရှင်းလင်းသိရှိရန် လိုအပ်သောကြောင့် ကနဦးအနေဖြင့် လက်မှတ်ရေးထိုးရန်အတွက်သာ ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောထားများတောင်းခံခဲ့ရာ ပြန်ကြားလာသည့် သဘောထားမှတ်ချက်များအရ ကနဦးလက်မှတ်ရေထိုးရန် ကန့်ကွက်ကြခြင်းမရှိသော်လည်း စာချုပ်ပါ ပြဋ္ဌာန်းချက်များအနက် မြန်မာနိုင်ငံမှ လက်ခံနိုင်မှုမရှိသည့်ကိစ္စများ၊ အဓိပ္ပာယ်ဖော်ရာတွင် နားလည်သဘောပေါက်မှု စသည့် ကိစ္စများနှင့်ပတ်သက်၍ သဘောထားတင်ပြချက်များပြုလုပ်ရန် အကြံပြုချက်လည်း ရရှိထားပါကြောင်း။

ICCPR စာချုပ်ကို မူလက ယခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း လက်မှတ်ရေးထိုးနိုင်ရန်အတွက် ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းမတိုင်မီ ကာလတွင် ပြည်တွင်းလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ရန် အချိန်ထပ်မံလိုအပ်နေသေးပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် အဆိုပါစာချုပ်ကို အချိန်ယူလေ့လာပြင်ဆင်ပြီး နောင်လာမည့်နှစ်များတွင် ဦးစားပေးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းစီစဉ် ဆောင်ရွက်နေကြောင်းကို တင်ပြလိုပါကြောင်း၊ ထို့ကြောင့် ICCPR စာချုပ်ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ထားရန်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်၊ ကျော်ဇင်ထိုက်(သတင်းစဉ်)**

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၁၀။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**
ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့အစည်းအဝေးတွင် ပုံမှန်ဆွေးနွေးနေကျ စက်မှုပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အောက်တိုဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံး ယူနီကုဒ်စနစ်ကို ပြောင်းလဲသုံးစွဲကြမည့် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် စီမံချက်ကြီးတွင် BGB အဖွဲ့ဝင် မီဒီယာများအနေဖြင့် မည်သို့ ပါဝင်ကူညီဆောင်ရွက်နိုင်မည်ကိုပါ ထည့်သွင်းဆွေးနွေးသွားစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ယခင်ပြုလုပ်ခဲ့သည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ္တညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဦးဇေယျာမင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်မှုဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနခွဲနှင့် အစည်းအဝေး တက်ရောက်လာကြသည့် FM ပုဂံ၊ ပတ္တမြား FM ၊ ချယ်ရီ FM ၊ ရွှေ FM ၊ Forever Group Co., Ltd.၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Mizzima Media Company Limited၊ DVB Multimedia Group Company Limited၊ Fortune Broadcasting Company Limited၊ KMA Tele Media Holdings Company Limited၊ My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စက်မှုပိုင်းဆိုင်ရာ၊ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာအခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။ **သတင်းစဉ်**

# လူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ လေးစားလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အရာထမ်းများအတွက် လူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေး အခြေခံသဘောတရားများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က အဓိက လူ့အခွင့်အရေးစာချုပ်ကြီး (၉)ရပ်ကို ဆွေးနွေးပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူး ဦးသူရကျော်က ကော်မရှင်အနေဖြင့် တိုင်ကြားချက်များ ကွင်းဆင်းစစ်ဆေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပခဲ့ကာ ပြည်သူလူထုများအကြား ပျံ့နှံ့ရောက်ရှိစေရေးအတွက် လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ မသန်စွမ်းသူများအခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ စသည့် ကဏ္ဍများကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် ကျင်းပရန်အတွက် သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်း ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**
မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကျင်းပရန် သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာရေးဆရာမ မိုးမိုး(အင်းလျား)သည် ၁၉၄၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မွေးဖွားခဲ့သဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသက် ၇၅ နှစ်ပြည့်ပြီဖြစ်ပြီး ၎င်းဆုံးပါးသွားခဲ့သည်မှာ ယခုနှစ် မတ်လတွင် ၂၉ နှစ် ရှိခဲ့ပြီဖြစ်သည်။ စာရေးသူသည် လုံးချင်းဝတ္ထု ၂၆ အုပ်နှင့် ဝတ္ထုတိုများ၊ မဂ္ဂဇင်းဝတ္ထုရှည်များ များစွာရေးသားခဲ့ပြီး အမျိုးသားစာပေဆုကို ၄ ကြိမ် ရရှိခဲ့သည်။ စာရေးသူ၏ ‘ပျောက်သောလမ်းမှာ စမ်းတဝါး’၊ ‘ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား’၊ ‘မသုမမွှစာရီ’၊ ‘ငြိမ်းကိုရှက်ပါ’၊ ‘မှတစ်ပါး အခြားမရှိပြီ’၊ ‘ရွှေတိဂုံကို မြင်လျှင်’ ဝတ္ထုများမှာ ထင်ရှားသည်။ ၎င်း၏ ဝတ္ထုများကို ရုရှား၊ ဂျပန်၊ အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုခဲ့ကြပြီး ဗီဒီယိုနှင့် ရုပ်ရှင်များလည်း ရိုက်ကူးခဲ့ကြသည်။

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်မှာ စာပေအနုပညာနယ်ပယ်အသီးသီးမှ စာပေအနုပညာရှင်များအားလုံး ပူးပေါင်းပါဝင်တင်ဆက်ဆင်နွှဲနိုင်ရန် ဖြစ်ကြောင်း၊ မိုးမိုး(အင်းလျား)ကို ချစ်ခင်အားပေးသော စာချစ်သူများအားလုံးအတွက် မိုးမိုး(အင်းလျား) အမှတ်တရ သီးသန့်ကဏ္ဍများသာမဟုတ်ဘဲ စာပေအနုပညာကဏ္ဍအားလုံးအတွက် ကျယ်ပြန့်စွာ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပထမထပ်၊ ရွှေဥဒေါင်းခန်းမ၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် မွန်းလွဲ ၁ နာရီမှစတင်၍ ဆရာမ မစန္ဒာ၊ ဆရာ မောင်သာချို၊ မသွယ်သွယ်မျိုးညွန့်၊ ဆရာ နေဇော်နိုင်၊ ဆရာ မောင်သာမညတို့က ဆရာမ မိုးမိုး(အင်းလျား)၏ ၇၅ နှစ်ပြည့် မွေးနေ့အကြို စာပေစကားဝိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**
သတင်းမီဒီယာများအနေဖြင့် လိင်မှုဆိုင်ရာမျိုးဆက်ပွားကျန်းမာရေးအကြောင်းအရာများနှင့်ပတ်သက်၍ သတင်းနှင့် ဆောင်းပါးများ ရေးသားထုတ်လွှင့်ရာတွင် အသုံးအနှုန်းမှန်ကန်မှု၊ အချက်အလက်မှန်ကန်မှုရှိစေရန် ရည်ရွယ်၍ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းရေးသားမှုနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ပြည်သာယာဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှု၊ Access to Health ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် PATH Myanmar, မာရီစတုပ်မြန်မာအဖွဲ့နှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ကျား၊ မရေးရာ(ဂျန်ဒါ)၊ မိသားစုကျန်းမာရေး၊ ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ဆွေးနွေးကြပြီး Yangon Journalism School(YJS)မှ ဒါရိုက်တာ ဦးရဲနိုင်မိုးက သတင်းရယူခြင်း၊ စိစစ်ခြင်း၊ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တာဝန်ရှိသူများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ သတင်းဌာနများမှ အယ်ဒီတာနှင့် သတင်းထောက်များ တက်ရောက်ကြသည်။ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းရေးသားမှုနှင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စိမ်းခက်**

# ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက် ဒေသတွင်းအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော်  စက်တင်ဘာ ၁၀**

ပင်လယ်ကြမ်းပြင်အရင်းအမြစ်များနှင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အာဆီယံနှင့် ဘင်းမ်စတက် ဒေသတွင်းအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**အသိပညာရပ်များ ပိုမိုတိုးပွားလာစေရေး ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် အဆိုပါကွန်ဗင်းရှင်းအောက်မှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြပြီး ပြင်ပပင်လယ်ပြင်ဧရိယာရှိ ဓာတ်သတ္တုနှင့် သယံဇာတရှာဖွေတူးဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ဥပဒေမူဘောင်များနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ အခန်းကဏ္ဍ၊ အာဆီယံနှင့် ဘင်းမ်စတက်နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဏ္ဏဝါစီးပွားရေးကို ပံ့ပိုးပေးနိုင်ရေးအတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ဒေသတွင်း စွမ်းဆောင်ရည်မြှင့်တင်မှု အခွင့်အလမ်းများ ဖော်ဆောင်နိုင်သည့် အခြေအနေများ ဖြစ်မြောက်ရေးတို့နှင့် စပ်လျဉ်းသည့် အသိပညာရပ်များ ပိုမိုတိုးပွားလာစေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် International Seabed Authority (ISA), Commission on the Limits of the Continental Shelf (CLCS), Division for Ocean Affairs and the Law of the Sea (DOALOS) နှင့် Korea Maritime Institute (KMI) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ ကျွမ်းကျင်မှုပညာရပ်များနှင့် အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**အိမ်ရှင်အဖြစ် ကျင်းပ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Michael Lodge တို့က အမှာစကားပြောကြားကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့တို့ ပူးပေါင်းလျက် Korea Maritime Institute ၏ ကူညီမှုဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ မြန်မာနှင့် ဂျပန်ဘောလုံးအသင်း လေ့ကျင့်မှုနှင့် ယှဉ်ပြိုင်ကစားပုံ မှတ်တမ်းရိုက်ကူး

**နေပြည်တော်  စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ Nippon TV ရိုက်ကူးရေးအဖွဲ့သည် FIFA World Cup 2022 Quarter, Asian Qualifiers အတွက် မြန်မာလက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဂျပန်လက်ရွေးစင်အသင်း၏ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုနှင့် ယှဉ်ပြိုင်ကစားပုံများကို စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုဝဏ္ဏဘောလုံးအားကစားကွင်းတွင် မှတ်တမ်းရိုက်ကူးသည်။

အဆိုပါ အဖွဲ့သည် စက်တင်ဘာ ၈ ရက်က သုဝဏ္ဏဘောလုံးအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းတွင် ဂျပန်လက်ရွေးစင်ဘောလုံးသမားများ လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိစဉ် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဂျပန်ပရိသတ်၏ ကြိုဆိုမှုများ၊ ဂျပန်လက်ရွေးစင်ဘောလုံးအသင်း လေ့ကျင့်နေမှုများ၊ စက်တင်ဘာ ၉ ရက်က အင်းလျားလိတ်ဟိုတယ်တွင် မြန်မာနှင့် ဂျပန် လက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲနှင့် ပတ်သက်သော စာနယ်ဇင်းရှင်းလင်းပွဲတို့ကို ရိုက်ကူးသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဖွဲ့ကပင်ယူနိုက်တက်ဘောလုံးအသင်းတွင် လက်ရှိကစားနေသော ဂျပန်လူမျိုးကွင်းလယ်ကစားသမား Matsumoto Kem ကို တွေ့ဆုံမေးမြန်းမှုရိုက်ကူးခဲ့ရာ Matsumoto Kem က "ကျွန်တော် ဒီဖွဲ့ကပင်ယူနိုက်တက်ဘောလုံးအသင်းမှာ ကစားလာတာ ငါးနှစ်ကျော် ရှိပါပြီ၊ ဒီအသင်းနှင့် မိသားစုလိုဖြစ်နေတဲ့အတွက် ဆက်လက်ကစားဖြစ်တာပါ။ မြန်မာအသင်းရဲ့ထူးခြားချက်အနေနဲ့ကတော့ အသင်းမှာ ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားတဲ့သူများတယ်။ ဥရောပကလပ်တွေက ကျွန်တော့်ကို လာခေါ်ပေမယ့် မြန်မာနိုင်ငံရဲ့ ကလပ်အသင်းတွေမှာ ကစားရတာ ကြိုက်နှစ်သက်တဲ့အတွက်ကြောင့် အသင်းမပြောင်းခဲ့တာပါ" ဟု ပြောသည်။

ယနေ့ ညနေပိုင်းတွင် သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ကျင်းပသည့် FIFA World Cup 2022 Quarter, Asian Qualifiers အတွက် မြန်မာနှင့် ဂျပန်လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမှုအား ရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ မဟာဗန္ဓုလပန်းခြံ၊ လှည်းတန်းနှင့် လသာလမ်းရှိ လူစည်ကားသည့် နေရာများတွင်လည်း မှတ်တမ်းရိုက်ကူးခဲ့ကြောင်းနှင့် ၎င်းမှတ်တမ်းကားကို ဂျပန်နိုင်ငံရှိ Nippon TV ၏ အားကစားသတင်းတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



ဂျပန်လက်ရွေးစင်ဘောလုံးသမားများ လေ့ကျင့်နေမှုများအား ရိုက်ကူးနေသည်ကို တွေ့ရစဉ်။

**သတင်းစဉ်**



❐ **ကျောဖုံးမှ**

ဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် Euromoney Institutional Investor (Asia) မှ Chief Executive Officer, Mr. Tony Shale မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရဌာနဆိုင်ရာများမှ အရာရှိကြီးများ၊ ဘဏ်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ တက်ရောက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် မြန်မာနိုင်ငံ၏ အလားအလာများ၊ ဘဏ်လုပ်ငန်း၊ ငွေကြေးကဏ္ဍနှင့် အာမခံလုပ်ငန်း ဈေးကွက်များဖြေလျှော့ပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် on-stage interview နှင့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ဆွေးနွေးရာ လက်လီရောင်းဝယ်ရေးကဏ္ဍနှင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ICT-Digital Transformation၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ Debt and Equity Market နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဖိုရမ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းများ လာရောက်ပြသခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ ဒေသထွက်ကုန်များ ပါဝင်သဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။ ဒုတိယနေ့ အစီအစဉ်များကို စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလန် Base Films ရုပ်သံလိုင်းမှ ခရီးသွားမြှင့်တင်ရေး သတင်းမှတ်တမ်းရိုက်ကူး

**နေပြည်တော်  စက်တင်ဘာ ၁၀**

အင်္ဂလန်နိုင်ငံ Base Films ရုပ်သံလိုင်းမှ Opihr and the last overland သတင်းမှတ်တမ်း ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မင်းကွန်းခေါင်းလောင်းကြီး၊ မင်းကွန်းဒေသ ကြက်ထောင့်ကန်ပေါင်ရှိ ရေးမြန်မာလက်မှုအနုပညာများ၊ သာယာလှပသောရှုခင်းများ၊ မြန်မာအစားအစာဖြစ်သော မုန့်ဟင်းခါးချက်ပြုတ်နေပုံနှင့် စားသုံးနေပုံများ၊ ဦးပိန်တံတားကို နေဝင်ချိန်နောက်ခံထားပြီး ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးရှိ ပုဂံဘုရားများ၊ မန္တလေးဈေးချိုအတွင်း မြန်မာလူမျိုးတို့၏ ဈေးရောင်းဈေးဝယ်နေပုံများနှင့် ဒေသအခြေအနေများကို ရိုက်ကူးခဲ့သည်။

**နိုင်ငံတကာခရီးသွားကဏ္ဍ ပိုမိုတိုးမြှင့်**

ထိုသို့ ရိုက်ကူးမှုအစီအစဉ်အား အင်္ဂလန်နိုင်ငံ Base Films ရုပ်သံလိုင်းတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သာယာလှပသောရှုခင်းများ၊ ရိုးရာအစားအစာများကို ပြသနိုင်ရန်နှင့် နိုင်ငံတကာခရီးသွားကဏ္ဍ ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ရိုက်ကူးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စန်း**



မန္တလေးဈေးချိုအတွင်း ဈေးဆိုင်များ တည်ခင်းရောင်းချနေမှုကို ရိုက်ကူးနေစဉ်။

# ကိုလိုနီခေတ်နယ်ချဲ့အစိုးရက ပိတ်ပင်သိမ်းဆည်းခဲ့သော စာအုပ်များ

**မြင့်ဆွေဦး**

၁၉၃၈ မှ ၁၉၄၀ ပြည့်နှစ်များအတွင်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သခင်များ၊ ကျောင်းသားနှင့် ရေနံမြေလုပ်သားများ၏ လှုပ်ရှားမှုများ အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည်။ ရေနံမြေအရေးတော်ပုံနှင့် ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်ပေါ်ပေါက်ခဲ့ပြီး ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုအောင်ကျော်သည် စစ်ပုလိပ်တို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။

နိုင်ငံရေးလှုပ်ရှားမှုများ ပြင်းထန်လာသလို ပြည်သူလူထုအတွက် နိုင်ငံရေးအသိ၊ နိုင်ငံရေးသဘောတရားများ၊ လွတ်လပ်ရေးရယူလိုစိတ်များကို လှုံ့ဆော်ပေးမည့် စာအုပ်စာတမ်းများကိုလည်း ထုတ်ဝေလာကြသည်။ အထူးသဖြင့် နဂါးနီစာအုပ်အသင်းကြီးလည်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ၁၉၃၇ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကိုနုနှင့် ကိုထွန်းအေးတို့က ဦးဆောင်ပြီး နဂါးနီစာအုပ်အသင်းကြီးကို ထူထောင်ကြသည်။ ကိုသန်းထွန်း၊ ကိုစိုးတို့ကလည်း နဂါးနီစာအုပ်အသင်းကြီးကို ဝန်းရံပေးကြလေသည်။ ထိုခေတ်က နိုင်ငံရေးလှုပ်ရှားနေသော ကျောင်းသားများနှင့် သခင်များသည် နဂါးနီ၏ အဓိကအင်အားဖြစ်လာခဲ့လေသည်။

**နဂါးနီစာအုပ်အသင်းကြီး၏ လှုပ်ရှားမှု**

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးစာအုပ်များကို ရေးသားထုတ်ဝေလာသည့်အခါ အစိုးရက နဂါးနီစာအုပ်အသင်းကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေလေသည်။

၁၉၄၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့တွင် လွှစ္စလမ်းရှိ နဂါးနီစာအုပ်တိုက်သို့ ရန်ကုန်မြို့မ စုံထောက်အရာရှိနှင့် ပုလိပ်အဖွဲ့ဝင်များ ဝင်ရောက်လာပြီး အရာရှိက သူ့တွင် ပါလာသော ဝရမ်းစာရွက်ကိုထုတ်ပြသည်။ "အရေးတော်ပုံ"ဝတ္ထုစာမူများ၊ စာမူစီပြီးသားစာဖောင်များနှင့် ရိုက်နှိပ်ပြီးသားစာဖောင်များကို ဖမ်းဆီးသိမ်းယူရန်ဖြစ်သည်။

နဂါးနီစာအုပ်တိုက်သို့ ဝရမ်းစာလာပေးသည်နှင့် တစ်ပြိုင်တည်းမှာပင် မောင်ဂိုမာရီလမ်းတွင်ရှိသည့် နဂါးနီပုံနှိပ်တိုက်သို့ ပုလိပ်အရာရှိ စုံထောက်နှင့်အဖွဲ့ဝင်များ ဝင်ရောက်လာပြီး တစ်တိုက်လုံးကို ရှာဖွေကြသည်။ ရိုက်ပြီးသားစာဖောင်များ၊ စာစီထားသော စာဖောင်နှင့် စာမူများကို သိမ်းယူကြသည်။

အရေးတော်ပုံဝတ္ထုကိုရေးသူမှာ စာရေးဆရာ မြဒေါင်းညို ဖြစ်သည်။ အရေးတော်ပုံစာအုပ်ကို သိမ်းဆည်းရုံမျှမက နဂါးနီပုံနှိပ်ထုတ်ဝေသူအား ရန်ကုန်အရေးပိုင်ကခေါ်ယူပြီး ကာကွယ်ရေးဥပဒေမှ ထုတ်ပြန်သည့် အမိန့်စာကို ပေးလေသည်။ ထိုအမိန့်စာမှာ အရေးတော်ပုံကဲ့သို့သော စာအုပ်မျိုးကို နောက်ထပ်ထုတ်ဝေလျှင် နဂါးနီပုံနှိပ်တိုက်ကို ပိတ်မည်ဟု ဆိုသည့် အမိန့်ဖြစ်သည်။ ထိုမျှမကသေး နဂါးနီကို အာမခံငွေ ၆၀၀ တောင်းသဖြင့် အာမခံတင်ရလေသည်။

နဂါးနီစာအုပ်တိုက်အပေါ် ဤသို့ဖိနှိပ်ချုပ်ချယ်မှုများကို တိုင်းပြည်သို့တင်ပြရန် တာဝန်ရှိသဖြင့် ဇွန်လထုတ် စနေနဂါးနီဂျာနယ်တွင် အောက်ပါအတိုင်း ရေးသားတင်ပြခဲ့လေသည်။


"တစ်ပြည်လုံးသိပြီးဖြစ်သည့်အတိုင်း ၁၉၄၀ ပြည့်နှစ် မေလ ၅ ရက်နေ့ ညနေက ရန်ကုန်မြို့မ စုံထောက်အရာရှိများနှင့် သက်သေအစုံအလင်တို့သည် နဂါးနီစာအုပ်တိုက်နှင့် နဂါးနီပုံနှိပ်တိုက်ကို အနှံ့အပြားရှာဖွေပြီးနောက် ရိုက်နှိပ်၍ ပြီးလုဆဲဖြစ်သော အရေးတော်ပုံဝတ္ထုကို ရိုက်ပြီးစာရွက်အားလုံးနှင့်တကွ စာမူများ၊ စီပြီးစာလုံးများကိုပါ သိမ်းဆည်းသွားကြောင်း။"

"၁၉၄၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့ နေ့လယ်အချိန်တွင် ရန်ကုန်အရေးပိုင်သည် နဂါးနီပုံနှိပ်ထုတ်ဝေသူအား ၎င်း၏ရုံးသို့ခေါ်၍ ကာကွယ်ရေးအတွင်းဝန်ထံမှ အမိန့်တစ်ရပ်ကို ပေးအပ်ကြောင်း၊ ၎င်းအမိန့်မှာ နဂါးနီသည် နောင် "အရေးတော်ပုံ" ကဲ့သို့သော စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေလျှင် နဂါးနီပုံနှိပ်တိုက်ပိတ်သည်အထိ အရေးယူမည်ဟူသော အမိန့်ပင်ဖြစ်ပါကြောင်း။"

**စာအုပ်များ ပိတ်သိမ်းခံရ**

"ယခုဝန်ထုပ်သည်ကား မြန်မာပြည်အစိုးရ၏ တောင်းဆိုချက်အရ ဇွန်လ ၁၀ ရက်နေ့က နဂါးနီသည် အာမခံငွေ ၆၀၀ တင်ထားလိုက်ရပြီဖြစ်ကြောင်း၊ ဤဝန်ထုပ်သည်ကား နဂါးနီသည် ခါးညွတ်အောင်ထမ်းရမည့် ဝန်ထုပ်ပင်ဖြစ်ကြောင်း၊ နဂါးနီသည် အရေးတော်ပုံ ဝတ္ထုဂယက်ရိုက်သဖြင့် အာမခံမတင်မီအတွင်း နဂါးနီမှ မည်သည့် စာအုပ်စာတမ်းမျှ ထုတ်ဝေရန် အခွင့်မရကြောင်း၊ ထို့ကြောင့်ပင်လျှင် ဇွန်လ ၁ ရက် စနေနေ့တွင် ထုတ်ဝေရန် အသင့်ရိုက်နှိပ်ပြီးဖြစ်သော စနေနဂါးနီဂျာနယ်ကို ထုတ်ဝေခြင်း မပြုနိုင်ဘဲ အာမခံငွေတင်ပြီးနောက် ဇွန်လ ၁၀ ရက် တနင်္လာနေ့မှသာလျှင် ထုတ်ဝေခြင်းပြုနိုင်တော့ကြောင်း။"

"နဂါးနီသည် အမျိုးမျိုးသော ဒုက္ခများနှင့်တွေ့လျက် အာမခံငွေ ၆၀၀ တင်ထားပြီး လစဉ်စာအုပ်များ၊ အထူးထုတ်များနှင့် စနေနဂါးနီဂျာနယ်ကို ထုတ်ဝေရခြင်းဖြစ်သော်လည်း စိတ်မပျက်၊ ဝါဒစည်းမျဉ်းနှင့်အညီ







အကောင်းဆုံး စာအုပ်များထွက်ရန်နှင့် စနေနဂါးနီကိုလည်း အကောင်းဆုံး ခေါင်းဆောင်ဂျာနယ်ကြီးဖြစ်ရန် အထူးကြိုးစား ဆောင်ရွက်မည်ဖြစ်ပါကြောင်း တိုင်းပြည်သို့ အစီရင်ခံပါကြောင်း"။

ကိုလိုနီခေတ်တွင် နိုင်ငံရေးလှုံ့ဆော်မှုများလုပ်ကြရာတွင် သခင်များက စာအုပ်များရေးသားထုတ်ဝေလာခဲ့ကြသည်။ ထို့ကြောင့် ကိုလိုနီအစိုးရက ထိုလှုံ့ဆော်သွေးထိုးပေးသောစာအုပ်များကို တားမြစ်ပိတ်သိမ်းခဲ့လေသည်။ ထိုစဉ်က နဂါးနီစာအုပ်တိုက်နှင့် ခေတ်ပြိုင်ထုတ်ဝေသော စာအုပ်တိုက်မှာ ဦးထွန်းအေး၏ " မြန်မာပြည်စာအုပ်ဖြန့်ချိရေးဌာန"ဖြစ်ပြီး ထိုစာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်များလည်း ပိတ်သိမ်းခံရလေသည်။ ထိုစာအုပ်များမှာ ဘဟိန်း၏ "ကမ္ဘာ့စစ်နှင့် ဗမာ့နောင်ရေး"၊ သခင်စိုးရေးသားပြီး သခင်ဘဟိန်းတည်းဖြတ်သည့် "ဗမာ့တော်လှန်မှု"နှင့် သာဒွန်းရေးသားသည့် "နဂါးနက်"တို့ဖြစ်သည်။

**တရားသော လုပ်ငန်းသာလျှင်ဖြစ်**

"ကမ္ဘာ့စစ်နှင့် ဗမာ့နောင်ရေး"ကို ဦးထွန်းအေး၏ "မြန်မာပြည်စာအုပ်ဖြန့်ချိရေးဌာန" က အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။ ရေးသားသူဘဟိန်းက အမှာစာတွင် အောက်ပါအတိုင်းရေးသားခဲ့သည်။

"တောက်လောင်စပြုလာသော စစ်မီးသည် ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံရစ်ပတ်တော့မည်ကဲ့သို့ ရှိနေခိုက် ဗြိတိသျှနယ်ချဲ့စနစ်သည် ဗြိတိသျှအင်ပါယာ မပြိုမကွဲတည်မြဲနေရန်အတွက် အလျင်အမြန်အားစုနေသည့်အထဲတွင် ဗြိတိသျှနယ်ချဲ့စနစ်ကြောင့် ဗမာဆင်းရဲသားလူထုကြီးမှာ လူ့ဘဝတွင် သာမန်လူ့အခွင့်အရေးလေးများကိုမျှ ခံစားခွင့်မရကြဘဲ ဆင်းရဲတွင်းနက်နေကြစဉ် "တကယ်လို့ စစ်ဖြစ်လာရင် ဗမာတွေဘာလုပ်ကြမလဲ" ဟူသော အတွေးဖြင့် ဗမာ့နောင်ရေးအတွက် ရင်မအေးစရာဖြစ်၍ နေလေသည်။

၁။ စစ်ဘာကြောင့်ဖြစ်ရသလဲ။

၂။ ကမ္ဘာ့နိုင်ငံရေးအခြေအနေဘယ်လိုနေသလဲ။

၃။ အင်္ဂလန်ပြည်ဘာလုပ်နေသလဲ။

၄။ စစ်ဖြစ်ရင် ဗမာတွေဘာလုပ်ကြမလဲ။

၅။ ဗမာ့အရေးတော်ပုံကား ဘာလဲ။

ဟူသောမေးခွန်းများမှာ ဗမာတိုင်းထံမှ အဖြေစောင့်လျက်ရှိပေရာ ဤစာအုပ်ငယ်မှာ အဆိုပါမေးခွန်းများကို တိုတိုနှင့် လိုရင်းရောက်အောင် ဖြေထားခြင်းပင်ဖြစ်လေသည်။"

ထိုစဉ်က မြန်မာပြည်ဘုရင်ခံက အင်္ဂလန်စစ်ထဲဝင်ရခြင်းမှာ လက်အောက်ခံပြည်နယ်လေးများအား ကာကွယ်စောင့်ရှောက်ရပါသည်ဟု ပြောဆိုခဲ့သော်လည်း ဗြိတိသျှနယ်ချဲ့လက်အောက်ခံ မြန်မာတစ်မျိုးသားလုံးသည် အချုပ်အချယ်နှင့်နေခဲ့ရသဖြင့် ကျေနပ်မှုမရှိကြပေ။ စစ်ထဲဝင်လာရသော ဗြိတိသျှအစိုးရကိုလည်း ထောက်ခံခြင်းမရှိပေ။ ထို့ကြောင့် သခင်ဘဟိန်းက အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ရေးသားခဲ့လေသည်။

"မည်သို့ပင်ဖြစ်စေ ဗမာပြည်ကို ဗြိတိသျှအင်ပါယာမှ ခွဲထွက်ကာ လွတ်လပ်သောပြည်နယ်တစ်ခုအဖြစ် နေလိုခြင်း၊ ဗမာ့နိုင်ငံခြားဝါဒ၊ ဗမာ့စီးပွားရေး၊ ဗမာ့ကာကွယ်ရေးတို့ကို ဗမာများကိုယ်တိုင် ကြီးကြပ်စီမံလိုခြင်း၊ အတိုချုပ်အားဖြင့် ဗမာ့ကံကြမ္မာကို ဗမာကိုယ်တိုင် ဖန်တီးလိုခြင်းမှာ ဗမာတိုင်း၏ ဓမ္မတာဆန္ဒဖြစ်လေရာ ဗြိတိသျှလက်အောက်မှ ဗမာပြည် လုံးဝလွတ်မြောက်မှသာလျှင် ဗမာ့ဆန္ဒပြည့်ဝပေတော့မည်။ ဗမာများ၏ လွတ်လပ်မှုလုပ်ငန်းသည်လည်း တရားသော လုပ်ငန်းသာလျှင် ဖြစ်ပေလိမ့်မည်။

**လယ်သမားလွတ်လပ်ရေးအတွက်**

ထို့ကြောင့် ကိုလိုနီနယ်ချဲ့အစိုးရက "ကမ္ဘာ့စစ်နှင့် ဗမာ့ နောင်ရေး" စာအုပ်ကို ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။"

"ဗမာ့တော်လှန်မှု၊ လယ်သမားအရေး"ကို သခင်စိုးက ရေးသားပြုစုပြီး သခင်ဘဟိန်းက တည်းဖြတ်ခဲ့သည်။ လယ်သမားအရေးမှာ ဗမာတစ်မျိုးသားလုံး၏ အရေးဖြစ်သည်။ ဗမာလူမျိုးလူတန်းစေ့နေနိုင်ရေးအတွက် လုံးပန်းနေကြသူတိုင်း လယ်သမားအရေးကို အလေးပေးကြရပါမည်။ လယ်သမားများမှာ ကြွေးလည်ပင်းခိုက်နေပြီး မိမိပိုင်လယ်များကို ချစ်တီးများထံ ထိုးအပ်နေကြရသည်။ ဤစာအုပ်သည် လက်ရှိပေါ်ပေါက်နေသော လယ်သမားလွတ်လပ်ရေးအတွက် အထောက်အကူရရန် ရေးသားခြင်းဖြစ်သည်။

သခင်ဘဟိန်း၏ တည်းဖြတ်သူအမှာစာတွင် အောက်ပါအတိုင်းရေးသားခဲ့သည်။

"လယ်သမားအရေးမှာ ဗမာတစ်မျိုးသားလုံး အရေးဟု ပြောရလောက်အောင်ပင် အရေးကြီးလှ၏။ ကျယ်ဝန်းလှ၏။ ဗမာလူမျိုး ၁၀ ယောက်တွင် ကိုးယောက်မှာ လယ်မြေနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဆက်သွယ်ကာ အသက်မွေးကြရ၏။ ထို့ကြောင့်ပင် ဗမာလူမျိုး လူတန်းစေ့နေနိုင်ရေးအတွက် လုံးပန်းနေကြသူတိုင်း လယ်သမားအရေးကို ဗဟိုချက်မထားကာ လုပ်ငန်းကို အသေးစိတ်လုပ်ဖို့လို၏။ လယ်သမားအရေးကို ပိုင်နိုင်စွာ နားလည်ထားဖို့လို၏။

"စာအုပ်ရေးသူ သခင်စိုးမှာကား လယ်သမားအရေးကို အတော်ပင်နှံ့စပ်အောင် လေ့လာနိုင်နင်းထားပြီးဖြစ်၏။ ယခုစာအုပ်မှာ လယ်သမားအရေးနှင့်ပတ်သက်၍ ဗမာပြည်တွင် ယခင်ကမပေါ်ဖူးသေးသော စာအုပ်မျိုးဖြစ်သည်ဟု ကျွန်တော်တင်းတင်းကြီး ဆိုရဲပါ၏။"

**ဂျပန်ပြည်၏အတွင်းရေး ရှုပ်ထွေးမှုများ**

ပိတ်သိမ်းခြင်းခံရသော "နဂါးနက်" စာအုပ်ကို သာဒွန်းက ရေးသားခဲ့သည်။ ထိုစာအုပ်ကို နောက်တစ်ကြိမ် အမိန့်မရမချင်း မထုတ်ဝေရဟု တားမြစ်ခဲ့သည်။ ဤစာအုပ်မှာ ဂျပန်ပြည်၏ အတွင်းရေး ရှုပ်ထွေးမှုများကို မြန်မာလူထုသိရှိရန် ဖြစ်သည်ဟု ဆိုသည်။

"မြန်မာပြည်စာအုပ်ဖြန့်ချိရေးဌာန" ၏ ဝါဒပြန့်ပွားရေးဆိုင်ရာ သခင်ထိန်ဝင်းအား အောက်တိုဘာလတွင် ဖမ်းဆီးခံရသဖြင့် ၎င်းအတွက် အမှတ်တရထုတ်ဝေသည်ဟု ဆိုလေသည်။ ဂျပန်နိုင်ငံသည် ဘုရင်ဒီမိုကရေစီနိုင်ငံဟုဆိုသော်လည်း လက်ရှိတွင် ဖက်ဆစ်နိုင်ငံအဖြစ်သို့ ရောက်ရှိနေကြောင်း ရေးသားဖော်ပြခဲ့သည်။ "နဂါးနက်" အသင်းမှာ လူစုံပါဝင်၏။ လူဆိုးများ၊ စစ်ဘက်အရာရှိများ၊ သူဋ္ဌေးကြီးများ၊ သူလျှိုများပါဝင်၏။ ၎င်းတို့ဝါဒမှာ ဖက်ဆစ်ဝါဒပင်ဖြစ်၏။ ၎င်းတို့သည် နေရာတိုင်းပါဝင်ကြိုးကိုင်ကြ၍ ဖက်ဆစ်စနစ်ကို ကျင့်သုံးကြ၏။ ဖက်ဆစ်တို့ ဂျပန်၌ ထွန်းကားလာပုံ အတွင်းရေးများကို ရေးသားထားသည်။ ဤသည်မှာ မြန်မာတို့အထင်ကြီးနေသော ဂျပန်တို့မှာ ဖက်ဆစ်များဖြစ်ကြောင်း ဖွင့်ချလိုက်ခြင်းဖြစ်သည်။ ၎င်းကိုအင်္ဂလိပ်နယ်ချဲ့က ဂျပန်ဖက်ဆစ်တို့၏ရန်ကို ကြောက်ရွံ့သဖြင့် နောက်ထပ်ထုတ်ဝေခြင်းမပြုရန် တားမြစ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် "ဖြန့်ချိရေး"မှ သခင်ထိန်ဝင်းကို နဂါးနက်အသင်းဆန်ဆန်လာဖမ်းသဖြင့် ဤစာအုပ်ကို သခင်ထိန်ဝင်းအား ရည်ညွှန်းသည်ဟုရေးသားပြီး ထုတ်ဝေခဲ့လေသည်။

**သိမ်းဆည်းတားမြစ်ခြင်းခံရသော စာအုပ်များဖြစ်**

စာတိုက်ဗိုလ်ဟောင်း ပျော်ဘွယ်သခင်ဇဆွေ ရေးသား၍ ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ဝေခဲ့သော "ဗမာ့ပုန်ကန်မှု" များ စာအုပ်မှာ အင်္ဂလိပ်နယ်ချဲ့အား အစောဆုံးပုန်ကန်ခဲ့သည့် မင်းလောင်းများအကြောင်း ရေးသားထားသည်။ ထိုစာအုပ် ထုတ်ဝေချိန်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအုံကြွမှု ပြင်းထန်နေချိန်ဖြစ်သဖြင့် "နယ်ချဲ့စနစ်နှင့် ဓနရှင်ဝါဒကို အမြစ်ကလှန်ပစ်မည်" ဟု အတွင်းမျက်နှာဖုံးတွင် ကြွေးကြော်ထားသည့်အပြင် "ကျွန်အဖြစ်မှ လွတ်မြောက်စေရန် တော်လှန်ပုန်ကန်ကြရာတွင် အသက်စွန့်လွှတ်သွားကြရသော ဆရာစံအစရှိသည့် သွေးချင်း သားချင်းတို့အား သတိရစေရန်လည်းကောင်း၊ ထိုသူရဲကောင်းကြီးတို့၏ သတ္တိဂုဏ်ကို ချီးကျူးသောအားဖြင့်လည်းကောင်း ဤစာအုပ်ကို ထုတ်ဝေပါကြောင်း" ဟု ထုတ်ဝေသူ သခင်ဇကိုးက ရေးသားခဲ့သည်။ ထိုစာအုပ်ကို စာမျက်နှာ ၂၅၀ အထိ ရိုက်နှိပ်ရန်စီစဉ်ထားသော်လည်း အနှောင့်အယှက် ချုပ်ချယ်မှုများကြောင့် စာမျက်နှာ ၁၄၄ အထိသာ ထုတ်ဝေရကြောင်း၊ အချို့အခန်းများကို ချန်လှပ်ခဲ့ရကြောင်း မှတ်ချက်ရေးသားခဲ့သည်။ ထိုစာအုပ်ကို နယ်ချဲ့ အစိုးရကပိတ်ပင်ပြီး လိုက်လံထိန်းသိမ်းခြင်းခံရသည်ဟု ဆိုလေသည်။

ယခုတင်ပြခဲ့သောစာအုပ်များမှာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကာလအတွင်း တို့ဗမာအစည်းအရုံးဝင် သခင်များက ရေးသားပြုစုထုတ်ဝေခဲ့ပြီး နယ်ချဲ့အစိုးရက လိုက်လံသိမ်းဆည်း ပိတ်ပင်တားမြစ်ခြင်းခံရသော စာအုပ်များဖြစ်သည်။ ။

❖ **နိုင်ငံတော်အစိုးရမှ**

ဒီကနေ့ အစည်းအဝေးမှာတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရရဲ့ အဆိုပြုချက်အပေါ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရဲ့ သဘောထားတွေကို အပြုသဘောပြန်လည်အဆိုပြုကြဖို့၊ ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာမှုအတွက် NCA အခန်း(၃)နဲ့ အခန်း(၄)ထဲက အချို့အစိတ်အပိုင်းတွေ အကောင်အထည်မဖော်နိုင်ခဲ့တာတွေကို ပြန်လည်စိစစ်ပြီး အကောင်အထည်ဖော်နိုင်ဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်ဖို့ နိုင်ငံတော်အစိုးရဘက်က ကမ်းလှမ်းထားပါတယ်။ ၂၀၂၀ မတိုင်မီနဲ့ ၂၀၂၀ အလွန်ကာလတွေမှာ ဘယ်လို လုပ်ငန်းစဉ်တွေ ချမှတ်မလဲ၊ အဆင့်လိုက် လုပ်ငန်းစဉ်တွေကို ဘယ်လိုအကောင်အထည်ဖော်မလဲ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဖက်ဒရယ်အခြေခံမူတွေ ရရှိနိုင်ရေး၊ ဒါတွေကို နှစ်ဖက်ခေါင်းဆောင်တွေအကြားမှာ သဘောတူညီချက်တွေ ရယူနိုင်ကြဖို့၊ တိုင်းရင်းသားနယ်မြေဒေသက ပြည်သူတွေ ငြိမ်းချမ်းရေးရလဒ်တွေ ရရှိခံစားနိုင်ရေးစီမံကိန်းတွေ ချမှတ်ဆောင်ရွက်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ကမ်းလှမ်းထားပါတယ်။ ကမ်းလှမ်းထားတဲ့ လုပ်ငန်းစဉ်တွေ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားနိုင်ဖို့အတွက် အဓိကကတော့ ကာလအတန်ကြာ ဆိုင်းငံ့နေတဲ့ ဆွေးနွေးပွဲတွေကို တရားဝင် ဆွေးနွေးပွဲတွေအဖြစ် ပြန်လည်စတင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

**ပြုပြင်သင့်တာတွေပြုပြင်**

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေပြုပြီး ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ NCA ဟာ အစိုးရတစ်ဖက်တည်းမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နှစ်ဖက်ပူးတွဲပိုင်ဆိုင်တဲ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။ NCA ကို အကောင်အထည်ဖော်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ မပြေလည်မှုတွေကိုလည်း နှစ်ဖက်ပူးတွဲပြီး ဖြေရှင်းနိုင်ဖို့ နည်းလမ်းတွေရှာကြရမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံရေးအပိုင်းနဲ့ အပစ်အခတ်ရပ်စဲရေးအပိုင်းကို NCA အရ ပေါ်ထွက်လာတဲ့ ယန္တရားတွေကနေ နှစ်ဖက်ညှိနှိုင်းဖော်ဆောင်ကြဖို့ ဆောင်ရွက်ကြရာမှာ အားလုံးရဲ့မျှော်မှန်းချက်က ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းဖော်ဆောင်ကြရတာ ဖြစ်တဲ့အတွက် လိုအပ်ချက်တွေ၊ အားနည်းချက်တွေကတော့ ရှိနေမှာပဲ ဖြစ်ပါတယ်။ လက်တွေ့ကျင့်သုံးဖော်ဆောင်ကြရာမှာ ပြုပြင်သင့်တာတွေပြုပြင်ပြီး ပိုမိုကောင်းမွန်အောင်၊ ကျွန်တော်တို့ လုပ်ငန်းစဉ်ကို ရောက်ရှိအောင် ရှေ့ဆက်ကြိုးပမ်းကြရမှာပဲ ဖြစ်ပါတယ်။

**ညှိနှိုင်းချမှတ်**

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးရည်မှန်းချက်တွေ မတူညီကြလို့ လက်နက်ကိုင်ပဋိပက္ခ ကာလကြာရှည်ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့အားလုံးဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ ပန်းတိုင်ဖြစ်လာခဲ့ပါပြီ။ သွားရမယ့် NCA လမ်းကြောင်းကနေ တစ်ဆင့် ရှေ့ဆက်လျှောက်လှမ်းကြဖို့၊ အားလုံးမျှော်လင့်ကြတဲ့ ပန်းတိုင်ကို ရောက်ရှိဖို့ နည်းနာနိဿယတွေ၊ လုပ်ငန်းစဉ်တွေကို အကျေအလည်ညှိနှိုင်းဖို့ပဲ ဖြစ်ပါတယ်။ NCA ယန္တရားတွေနဲ့ပတ်သက်လို့ ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဖို့ နည်းပညာအရ လိုအပ်ချက်တွေရှိရင် ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပဲ ညှိနှိုင်းဆွေးနွေးကြပြီး ဆောင်ရွက်လို့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆက်လက်ဆောင်ရွက်နိုင်ကြဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဦးတည်တဲ့ လုပ်ငန်းစဉ်တွေလည်း ညှိနှိုင်းချမှတ်ကြဖို့ တိုက်တွန်းလိုပါတယ်။

လာမယ့် (၂၁)ရာစု ပင်လုံညီလာခံမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးသဘောတူညီချက်တွေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာမှုဆိုင်ရာ သဘောတူညီချက်တွေ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ သဘောတူညီချက်တွေ၊ ၂၀၂၀ အလွန်ကာလမှာ ဆက်လက် ဖော်ဆောင်မယ့် လုပ်ငန်းစဉ်တွေကို အတည်ပြုနိုင်ဖို့ ကျွန်တော်တို့အားလုံးအတွက် အရေးကြီးပါတယ်''ဟု ပြောကြားသည်။

ပြီးခဲ့သည့် သြဂုတ်လအတွင်းက ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံကာ နိုင်ငံတော်အစိုးရက အဆိုပြုထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လေးရပ်နှင့်ပတ်သက်၍ ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ ယနေ့ ညှိနှိုင်းအစည်းအဝေးသည် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်ရေးဆိုင်ရာ အဆိုပြုချက် လေးရပ်နှင့် NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်အဆိုပြုချက်များစသည့် နှစ်ဖက်အဆိုပြုချက်များ ပြန်လည်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ NCA-S EAO ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးစိုင်းငင်းက ''ဒီဆွေးနွေးပွဲမှာ ရေရှည်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ တရားဝင်ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေး၊ ၂၀၂၀ နှစ်ဦးမှာ (၂၁)ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး၊ ၂၀၂၀ အလွန် နိုင်ငံရေးဆွေးနွေးပွဲအတွက် အဆင့်လိုက် ဆောင်ရွက်ရမယ့် အစီအစဉ်များ ချမှတ်နိုင်ရေးတို့ကို ဦးတည်ပြီး အစိုးရက အဆိုပြုထားတဲ့



**NCA-S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ် နိုင်အောင်မငေးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ မီဒီယာများအား ဖြေကြားစဉ်။**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားမယ့် လမ်းစဉ် ၄ ရပ်နဲ့ ကျွန်တော်တို့ NCA-S EAO က အချိန်ယူပြင်ဆင်ပြုစုထားတဲ့ NCA သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ပါအချက်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ အကျေအလည်ညှိနှိုင်းဆွေးနွေးသွားဖို့ ရှိပါတယ်။

**ကျော်လွှားနိုင်မှာဖြစ်**

တစ်ဖက်မှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေး အခင်းအကျင်းကိုပဲ ထည့်သွင်းဆွေးနွေးဖို့ လိုပါတယ်။ ဒီဆွေးနွေးပွဲဟာ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် အရေးပါတဲ့ အလှည့်အပြောင်း အချိုးအကွေ့ဖြစ်လို့ အားလုံးအတွက် လက်ခံနိုင်တဲ့၊ မျှမျှတတဖြစ်စေတဲ့ အဖြေဖြစ်စေတဲ့ ရလဒ်ကောင်းတွေရဖို့ ကျွန်တော်တို့ ဆွေးနွေးဖော် ဆွေးနွေးဖက်တွေအနေနဲ့ ဝိုင်းဝန်းဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဆွေးနွေးတဲ့နေရာမှာ တစ်ဖက်က တစ်ဖက်ကို အသာစီးရလိုမှု၊ အမြတ်ရလိုမှု၊ အနိုင်ရလိုမှုတွေကို ရှေ့တန်းမတင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးကောင်းကျိုးအတွက် NCA ပူးတွဲ ပိုင်ရှင်တွေဖြစ်ကြတဲ့ ကျွန်တော်တို့တစ်တွေဟာ လုပ်ဖော်ကိုင်ဖက် အဖြစ်ရော၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွားအဖြစ်နဲ့ပါ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းပူးတွဲနည်းလမ်းရှာ၊ အဖြေရှာမှသာ အခက်အခဲပြဿနာတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ NCA စာချုပ်ကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတွေနဲ့ လက်မှတ်ရေးထိုးခြင်းဖြစ်သည့်အလျောက် NCA မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်မှာဖြစ်ပါတယ်။ NCA သဘောတူစာချုပ်ပါ အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်လို့ NCA နိဒါန်းမှာ အတိအလင်းဖော်ပြထားတဲ့အတိုင်းပဲ ကျွန်တော်တို့ NCA-S EAO တွေက မယိုင်မလဲ ရပ်တည်နေပါတယ်''ဟု အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ယနေ့ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်ချုပ်နေလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

**တက်ရောက်**

NCA-S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ်များအဖြစ် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ဦးစိုင်းငင်း၊ ဦးမျိုးဝင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဒေါ်စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ နိုင်အောင်မငေး၊ စောစိန်ဝင်း၊ ပဒိုစောအယ်ကလူစေး၊ စောကျော်ညွန့်၊ ဆော်လမွန်နှင့် အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပဒိုစောဆဲဂေ၊ စိုင်းလျန်း၊ စောတာမလာသော၊ ဆောင်းဟန်နှင့် ဆော်လမွန်တို့ တက်ရောက်ခဲ့ကြသည်။

**တင်ပြမှာဖြစ်**

နှစ်ဖက်ညှိနှိုင်းအစည်းအဝေးအပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပဒိုစောဆဲဂေက ''ကျွန်တော်တို့ နှစ်ရက်ကျင်းပဖို့ လျာထားပေမယ့် ကြိုတင်ပြင်ဆင်မှုကောင်းခဲ့လို့ ဒီလို အချိန်တိုအတွင်းမှာ ပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ အစိုးရဘက်က အကြောင်းအရာကို ကြိုပြီးပို့ထားသလို ကျွန်တော်တို့ဘက်က ရှေ့ဆက် NCA ကို အကောင်အထည်ဖော်တဲ့နေရာမှာ ဘာတွေပါသင့်ပြီး ဘာတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ အချက်တွေကိုလည်း ညှိနှိုင်းဆောင်ရွက်ပြီး အစိုးရဘက်ကနေပြီးတော့ ရှေ့အနာဂတ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ ဘယ်လို ဆောင်ရွက်သင့်သလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ကြမလဲ၊ ထိုနည်းတူပဲ လာမယ့် အနာဂတ်ကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ အောင်အောင်မြင်မြင် ဖြစ်နိုင်ဖို့အတွက် ဘာတွေကို ပြင်ဆင်ထားသင့်သလဲဆိုတဲ့ အချက်တွေက နားမလည်ခဲ့တာတွေကို အပြန်အလှန်မေးခွန်းမေးပြီးမှ ဆွေးနွေးခဲ့ကြတယ်။ ဆွေးနွေးချက်တွေအားလုံးကို ကျွန်တော်တို့က ကိုယ်စားဖြစ်တဲ့အတွက် ကိုယ်စားလှယ်အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းကို တင်ပြမှာဖြစ်တယ်''ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ ညှိနှိုင်းအစည်းအဝေးသည် မူလက စက်တင်ဘာ ၁၁ ရက်နေ့အထိ နှစ်ရက်တာ ကျင်းပရန် ရည်ရွယ်ထားသော်လည်း ကြိုတင်ပြင်ဆင်မှုများကြောင့် အချိန်တိုအတွင်း ပြီးဆုံးခဲ့သည်ဟု ပဒိုစောဆဲဂေ၏ ပြောကြားချက်အရ သိရသည်။

ယနေ့ အစည်းအဝေးနှင့်ပတ်သက်၍ NRPC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ''ဒီနေ့ ကျွန်တော်တို့အစိုးရဘက်ကနေပြီးတော့ တရားဝင်အစည်းအဝေးတွေ ပြန်လည်ဆောင်ရွက်နိုင်ဖို့ Timeline (အချိန်ဇယား)၊ နောင်အကောင်အထည်ဖော်ဆောင်ရွက်မယ့် အဆင့်လိုက်လုပ်ငန်းစဉ်တွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဦးတည်ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)မှာ ပါဝင်သင့်တဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ဘက်က ဆွေးနွေးတင်ပြခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်ခေါင်းဆောင်များလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု မူဘောင်မှာ ထည့်သွင်းသင့်တဲ့အချက်တွေ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုဆိုင်ရာလုပ်ငန်းစဉ်တွေ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်တွေအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲအကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို မူပိုင်းဆိုင်ရာ တင်ပြအတည်ပြုချက်ရရှိရေး၊ JICM မတင်ခင်မှာ နှစ်ဖက်က ညှိနှိုင်းအစည်းအဝေးတွေ ပြုလုပ်ပြီး တရားဝင်အစည်းအဝေးတွေ ဆက်လက်သွားနိုင်ဖို့အတွက် ဆွေးနွေးခဲ့ကြတာရှိပါတယ်'' ဟု နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

**ပြန်လည်ဖြေကြား**

အစည်းအဝေးအပြီးတွင် NCA-S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ် နိုင်အောင်မငေးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့အစည်းအဝေးရလဒ်နှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ''ဒီကနေ့ ညှိနှိုင်းအစည်းအဝေးမှာ အစိုးရနဲ့ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့က ကိုယ်စားလှယ်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါ အဓိကအားဖြင့် NCA အကောင်အထည်ဖော်မှုနဲ့ ပတ်သက်လို့ ဆွေးနွေးတယ်။ NCA အကောင်အထည်ဖော်မှုဟာ နှစ်ဖက် ဘုံပိုင်ဆိုင်မှု ဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ အကောင်အထည်ဖော်မှုမှာ ဘယ်လို သွားမလဲဆိုတာ နံပါတ်တစ်အနေနဲ့ ဆွေးနွေးပါတယ်။ ဒုတိယအချက်ကတော့ ဖက်ဒရယ်မူဘောင်ပါ။ ၂၀၂၀ မတိုင်ခင်မှာ ကျွန်တော်တို့ အနာဂတ်ဒီမိုကရေစီနဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် ဘယ်လို ပုံစံနဲ့ သွားမလဲ၊ မူဘောင်ဆိုင်ရာ သဘောတူညီချက်တွေ ဘယ်လိုရှာဖွေမလဲဆိုတာ ကျွန်တော်တို့ ဆွေးနွေးပါတယ်။ တတိယအချက်က ၂၀၂၀ မတိုင်ခင် ငြိမ်းချမ်းရေးညီလာခံမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံမူ ဘယ်လောက်အထိ ယူမလဲ၊ ပြီးရင် ၂၀၂၀ အလွန်မှာ ဆက်ပြီးသွားမယ့် လုပ်ငန်းစဉ်တွေ အဆင့်လိုက် ဘယ်လိုသွားမလဲ၊ ဒါတွေ ကျွန်တော်တို့ ဆွေးနွေးပါတယ်။

ဒါတွေအားလုံးကိုခြုံငုံပြီး ကျွန်တော်တို့အစိုးရဘက်က ဒီရည်မှန်းချက်တွေ ကျွန်တော်တို့ဆွေးနွေးထားတဲ့ ဖက်ဒရယ်အမြင်ရယ်၊ နိုင်ငံရေးသဘောတူညီချက်တွေ ပါမယ်။ ပြီးရင် ပြီးခဲ့တဲ့ ညီလာခံတွေမှာ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁) နဲ့ အစိတ်အပိုင်း (၂) မှာ ဖက်ဒရယ်အခြေခံမူ ၅၁ ချက်ရှိတယ်။ အဲဒီ ၅၁ ချက်နဲ့ အခုလာမယ့် ညီလာခံမှာရယူမယ့် ဖက်ဒရယ်အခြေခံမူတွေ ပေါင်းစပ်ပြီး ဖက်ဒရယ်ပုံစံတစ်ခုအနေနဲ့ ကျွန်တော်တို့ ထုတ်ဖို့ရှိတယ်။ အဲဒီပုံစံကို ကျွန်တော်တို့ အပိုင်း(၂)နဲ့ အဆိုပြုပါတယ်။ အပိုင်း (၃) ၂၀၂၀ အလွန်မှာ အကောင်အထည်ဖော်မယ့် ကျွန်တော်တို့ အဆင့်လိုက် လုပ်ငန်းစဉ်တွေ၊ ဒီအဆင့်လိုက် လုပ်ငန်းစဉ်တွေပေါ်မှာ ဘယ်လိုမျိုး အကောင်အထည်ဖော်မှုတွေ သွားမလဲ။ လက်တွေ့အကောင်အထည်ဖော်မှုနဲ့ အဆင့်လိုက်သွားမယ့်စနစ် (Process နဲ့ Implementation) သွားမလဲဆိုပြီး ဒါကို blueprint (အသေးစိတ်ပုံစံမျိုး) အဆိုပြုပါတယ်။

လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျရင် ကျွန်တော်တို့အစိုးရအနေနဲ့ ချုပ်ဆိုချင်တဲ့ အစိတ်အပိုင်း (၃) က ဒါတွေအားလုံးကို **စာမျက်နှာ ၁၂ သို့** ❖

# ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ဂျပန်ကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၂) အဖြစ် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယနေ့ ညနေက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျပန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ဂျပန်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း နှစ်ဂိုးသာပေးခဲ့ရသည့်အပြင် ပွဲချိန်ပြည့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားနိုင်ခဲ့သောကြောင့် ကွင်းလုံးပြည့်နီးပါး လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ ကျေနပ်လက်ခံခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိမ်ကြိမ်ဝင်ခွင့်ရထားသည့် ဂျပန်အသင်းကို မြန်မာအသင်းအနေဖြင့် ပေးဂိုးနည်းရန်သာ ကြိုးပမ်းခဲ့ပြီး နှစ်ဂိုးသာပေးခဲ့ရသောကြောင့် ကျေနပ်စရာဖြစ်ခဲ့သည်။

မြန်မာအသင်းသည် ဂျပန်တိုက်စစ်ကို ၁၅ မိနစ်အထိ တောင့်ခံနိုင်ခဲ့ပြီး ၁၆ မိနစ်မှ ဂိုးစပေးခဲ့ရသည်။ ဂျပန်အသင်းအတွက် အဖွင့်ဂိုးကို နာကာဂျီမာက အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂျပန်အသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် တိုက်စစ်ပိုမြင့်လာရာ ၂၆ မိနစ်တွင် ဂိုးထပ်ရခဲ့ပြီး မီနာမီနိုက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးမရခဲ့ပေ။ ဂျပန်အသင်းကလည်းဂိုးထပ်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး တိုက်စစ်မြှင့်သော်လည်း မြန်မာနောက်တန်း အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။ ယခုပွဲတွင် ကျော်ဇင်ထက်နေရာတွင် ဝင်ရောက်ကစားသည့် ဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြကစားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲရှုံးထားပြီး ပထမပွဲတွင် မွန်ဂိုလီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂျပန်အသင်းမှာမူ ပထမဆုံးပွဲ ကစားရခြင်းဖြစ်ပြီး အဝေးကွင်းနိုင်ပွဲရခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွှန့်**



# Myanmar International Series
# ကြက်တောင်ရိုက်ပြိုင်ပွဲ ပထမနေ့ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် Myanmar International Series 2019 ကြက်တောင်ရိုက်ပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပခဲ့ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ် ၃၂ ပွဲ ကျင်းပခဲ့သည်။

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမား ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဇော်လင်းထူးတစ်ဦးသာ နိုင်ပွဲရပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ဇော်လင်းထူးသည် ဟိုင်ကယ် (မလေးရှား) ကို (၂၁-၁၀) မှတ်၊ (၁၂-၂၁) မှတ်၊ (၂၁-၁၃) မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပွဲများတွင် ဟောင်ပင် (တရုတ်တိုင်ပေ)က ချမ်းဝင်းဦး (မြန်မာ)ကို (၂၁-၁၉) မှတ်၊ (၂၁-၁၂) မှတ်၊ ရာဂျာဆီကာရန် (အိန္ဒိယ) က မင်းထက်ကောင်း (မြန်မာ)ကို (၂၁-၁၃)မှတ်၊ (၂၁-၁၄) မှတ်၊ လင်ရီရှန် (မလေးရှား)က ထူးအောင်မျိုး(မြန်မာ)ကို (၂၅-၂၃) မှတ်၊ (၂၁-၁၈) မှတ်၊ ကောင်ချီကီ (မလေးရှား) က သူရိန် (မြန်မာ) ကို (၂၁- ၁၃) မှတ်၊ (၂၁-၁၄) မှတ်၊ ရှာရီရန်ရှာ (အိန္ဒိယ)က ဖုန်းပြည့်နိုင် (မြန်မာ) ကို (၂၁-၁၅) မှတ်၊ (၁၃-၂၁) မှတ်၊ (၂၁-၁၈) မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဇော်လင်းထူးသည် ဒုတိယအဆင့်တွင် အင်ဒိုနီးရှားကစားသမားနှင့် တွေ့ဆုံနေသည်။

ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့် နှစ်ယောက်တွဲ၊ ပထမအဆင့်နှင့် အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပွဲစဉ်များ ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ထားသူဇာသည် ဆီဒင်-၁ ရသောကြောင့် ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ထိုင်းကစားသမားနှင့် တွေ့ဆုံနေကာ စက်တင်ဘာ ၁၂ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

❖ စာမျက်နှာ ၁၁ မှ

ခြုံငုံတဲ့ အရာမျိုးဖြစ်မယ်ဆိုတာ အဆိုပြုပါတယ်။ အခုလက်ရှိ NLD အစိုးရ သက်တမ်းမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ခဲ့ပြီ။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးတွေ သုံးကြိမ်အထိ ကျင်းပခဲ့တယ်။ အဲ့ဒီမှာ နိုင်ငံရေးသဘောတူညီချက် အခြေခံမူ (၅၁) ချက်ရထားပြီးပြီ။ နောက်လာမယ့် ၂၀၂၀ ကာလအတွက် နိုင်ငံရေးသဘောတူညီမှုတွေ ဘယ်လို ဆက်သွားမလဲဆိုတာ ပြန်ခြုံလိုက်တာပါ။ ဒါကြောင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ဒီအစိုးရ သက်တမ်း (၅) နှစ်မှာ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးသဘောတူညီမှု အားလုံးပါဝင်ရမယ်။ နောက်လာမယ့် ၂၀၂၀ အလွန်ကာလအတွက် အဆင့်တွေပါဝင်ရမယ်။ ပြီးရင် ဘယ်လိုဖက်ဒရယ်မျိုးလည်းဆိုတဲ့ ခေါင်းဆောင်တွေကြားက သဘောတူညီချက် ဖက်ဒရယ်အမြင်၊ ဖက်ဒရယ်မူပါတဲ့ Union Accord-3 (ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃) ကိုအဆိုပြုပါတယ်။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ရဖို့ ဘယ်လိုလုပ်မလဲ။ ဒါကိုလည်း ကျွန်တော်တို့ အစိုးရဘက်ကအဆိုပြုထားတဲ့ လုပ်ငန်းစဉ်လေးရပ် ရှိပါတယ်။ ဒီလေးရပ်အပေါ် အရင်ရက်က KNU နဲ့ ဆွေးနွေးတယ်။ ဒီနေ့ EAOs (၁၀) ဖွဲ့နဲ့ ဆွေးနွေးတယ်။ ရလာတဲ့ ဘုံတူညီချက်တွေ ရှိတယ်။ ဒါကို ဘယ်လမ်းကြောင်းက သွားမလဲဆိုတော့ NCA လမ်းကြောင်းကနေ သွားမယ်ဆိုတဲ့ Timeline အဆိုပြုချက်ကို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) တွေရဲ့ ကိုယ်စားလှယ်တွေကို ပေးလိုက်ပါတယ်။ ဒါကို EAOs တွေက ပြန်ပြီးတော့ ယူဆောင်သွားမှာ ဖြစ်ပါတယ်'' ဟု ပြောကြားသည်။

NCA-S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ် နိုင်အောင်မငေးက ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ အစိုးရကိုယ်စားလှယ်နဲ့ ကျွန်တော်တို့ ညှိနှိုင်းရေးအဖွဲ့ တွေ့ကြတဲ့အခါ အစိုးရ အဆိုပြုလိုက်တဲ့ အဆိုပြုချက်တွေ ကျွန်တော်တို့ ယူသွားပါမယ်။ ကျွန်တော်တို့ ပြုစု၊ ညှိနှိုင်းထားတဲ့ အဆိုပြုချက်ကိုလည်း အစိုးရကိုယ်စားလှယ်တွေဆီ ပေးအပ်ပြီးတော့ နှစ်ဖက်ခေါင်းဆောင်တွေကို တင်ပြပါမယ်။ ဒီမှာ တူညီတဲ့အချက်တွေ အများကြီး ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ လာမယ့် NCA လေးနှစ်ပြည့်အခမ်းအနားမှာလည်း ကျွန်တော်တို့ အချင်းချင်းတွေ့ပြီး ယုံကြည်မှုကို ခိုင်မာအောင် တည်ဆောက်ကြမယ်။ လာမယ့် ၂၀၂၀ နှစ်ဦးပိုင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) တစ်ကြိမ်ကျင်းပပေးဖို့ ကျွန်တော်တို့မှာ ဆန္ဒရှိတယ်။ ကျင်းပဖို့အတွက် ခုနကကျွန်တော်တို့ အဆိုပြုထားတဲ့ သဘောတူညီချက်ပေါ်မှာ မူတည်ပါမယ်။ အဲဒီမှာ ကျွန်တော်တို့အားလုံး နှစ်ဖက်တူညီတဲ့ သဘောတူညီချက် ဖြစ်လာနိုင်ရင်တော့ UPC ကို အောင်အောင်မြင်မြင် ကျင်းပသွားမယ်။ ကျွန်တော်တို့ ဆန္ဒရှိပါတယ်'' ဟု မီဒီယာများအား ဖြေကြားခဲ့သည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# နျူကလီးယားအရေး အမေရိကန်နှင့် ဆွေးနွေးရန် ပြုံယမ်းအဆင်သင့်ဖြစ်

**ပြုံယမ်း စက်တင်ဘာ ၁၀**

ပြုံယမ်းက စက်တင်ဘာလနှောင်းပိုင်းတွင် အမေရိကန်နှင့် နျူကလီးယားအရေး အလုပ်သဘောဆွေးနွေးမှုများကို ပြန်လည်လုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း မြောက်ကိုရီးယားထိပ်တန်း သံတမန်တစ်ဦးက ဆိုသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေး ဒုတိယဝန်ကြီး ချိုဆွန်ဟူက စက်တင်ဘာ ၉ ရက်တွင် အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နျူကလီးယားအရေးနှင့် ပတ်သက်ပြီး ယခုနှစ်ကုန်ပိုင်း အထိတိုင် အမေရိကန်၏ ရဲရင့်ပြတ်သားစွာချမှတ်မည့် ဆုံးဖြတ်ချက်တစ်ရပ်ကို စိတ်ရှည်စွာစောင့်ဆိုင်းမည်ဟု ခေါင်းဆောင် ကင်ဂျုံအန်၏ ပြောကြားချက်ကို ဒုတိယဝန်ကြီး ချိုဆွန်ဟူက ရည်ညွှန်းခဲ့ခြင်းဖြစ်သည်။ ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက်ဖွံ့ဖြိုးရေးအစီအစဉ်များကို အပြီးတိုင် ဖျက်သိမ်းခဲ့သည့်တိုင် ၎င်းအပေါ်ချမှတ်ထားသည့် စီးပွားရေး ပိတ်ဆို့မှုများကို ဝါရှင်တန်က ဆက်လက်ထိန်းသိမ်းထားမည်ဆိုသည့် အမေရိကန်အစိုးရ၏ မူဝါဒကို ခေါင်းဆောင် ကင်ဂျုံအန်က ဧပြီလတွင်ရှုတ်ချခဲ့သည်။

နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းကောင်းတစ်ရပ် ပေါ်ထွက်လာရေးအတွက် အမေရိကန်အနေဖြင့် ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် လုံလောက်သော အချိန်ကာလတစ်ခု သတ်မှတ်ပေးထားပါကြောင်း ဒုတိယဝန်ကြီး ချိုဆွန်ဟူက ဆိုသည်။

ထို့ပြင် စက်တင်ဘာလနှောင်းပိုင်းတွင် အမေရိကန် နှင့် အလုပ်သဘောဆွေးနွေးမှုများ လုပ်ဆောင်ရန် ပြုံယမ်းအနေဖြင့် အဆင်သင့်ဖြစ်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် အမေရိကန်က အဆိုပါဆွေးနွေးမှုများကို လက်ခံခြင်းမရှိပါက နှစ်နိုင်ငံအကြား နျူကလီးယားအရေး သဘောတူညီမှုရရှိရန် ပြုံယမ်း၏ ကြိုးပမ်းမှုများကို ရပ်ဆိုင်း မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ချိုဆွန်ဟူက ခြိမ်းခြောက် ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**





# ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဦးရေ အများဆုံး လာရောက်သည့်မြို့မှာ ဗန်ကောက်မြို့ဟု စစ်တမ်းတစ်ခုတွင် ဖော်ပြ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ မြို့တော်များတွင် နိုင်ငံခြားခရီးသွားများ ညအိပ်ညဉ့်နေ သွားရောက်မှုအရေအတွက် အများဆုံးမြို့မှာ ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်မြို့ဖြစ်ကြောင်း အမေရိကန် အကြွေးဝယ်ကတ် ကုမ္ပဏီတစ်ခုက ထုတ်ပြန်သည့် နှစ်ပတ်လည် စစ်တမ်းတွင် ဖော်ပြသည်။

ခရီးသွားဦးရေ အရေအတွက်နှင့် ၎င်းတို့၏ ငွေကြေးသုံးစွဲသည့် အချက်အလက်များကို အခြေခံ၍ ကမ္ဘာပေါ်ရှိ မြို့ပေါင်း ၂၀၀ ခန့်နှင့် ပတ်သက်၍ ထုတ်ပြန်သည့် အမေရိကန် အကြွေးဝယ်ကတ် ကုမ္ပဏီဖြစ်သည့် မာစတာကတ်ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဗန်ကောက်မြို့မှာ အဆင့်တစ်၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်သို့ ၂၀၁၈ ခုနှစ် အတွင်း၌ နိုင်ငံတကာမှ ညအိပ်ခရီးသွားဦးရေ ၂၂ ဒသမ ၈ သန်း လာရောက်ခဲ့ပြီး စစ်တမ်းကောက်ယူခဲ့သည့်မြို့များ အားလုံးထဲတွင် အများဆုံးဖြစ်ခဲ့သည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီနှင့် ဗြိတိန်နိုင်ငံ မြို့တော် လန်ဒန်တို့သည် ခရီးသွားလာရောက်မှုဦးရေ ၁၉ သန်း ကျော်ဖြင့် ဒုတိယနှင့် တတိယ နေရာများတွင် ရပ်တည်ခဲ့ကြသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့သည် စတုတ္ထနေရာတွင် ရပ်တည်ခဲ့ပြီး ယင်းနောက်တွင် စင်ကာပူ၊ ကွာလာလမ်ပူမြို့တို့က ပဉ္စမနှင့် ဆဋ္ဌမနေရာတွင်ရှိပြီး အမေရိကန်ပြည်ထောင်စုမှ နယူးယောက်မြို့မှာ သတ္တမနေရာတွင်ရှိပြီး တူရကီနိုင်ငံမှ အစ္စတန်ဘူမှာ အဋ္ဌမနေရာတွင်ရှိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန်-ဇော်ဝင်း**

# ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရန် ဖိလစ်ပိုင်နှင့် စင်ကာပူသဘောတူ

**မနီလာ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အရှိန်တိုးမြှင့်ရေးဆိုင်ရာနည်းလမ်းများနှင့် စပ်လျဉ်း၍ စက်တင်ဘာ ၉ ရက်က မနီလာမြို့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံတပ်မတော်နှင့် အထူးတပ်ဖွဲ့အကြား ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လေ့ကျင့်သင်ကြားမှုအပါအဝင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက စင်ကာပူသမ္မတ ဟာလီမာယာကော့ဘ်နှင့် တွေ့ဆုံခဲ့ပြီးနောက် ပြုလုပ်သော မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။



စင်ကာပူသမ္မတ ဟာလီမာသည် စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၅၀ ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ငါးရက်ကြာ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် စက်တင်ဘာ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဖိလစ်ပိုင်သမ္မတနှင့် စင်ကာပူသမ္မတတို့သည် ဆွေးနွေးစဉ် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးကိုလည်း တိုးမြှင့်ရန် သဘောတူခဲ့ကြသည်။ စင်ကာပူနိုင်ငံသည် လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်သလို ဖိလစ်ပိုင်နိုင်ငံ၏ သတ္တမအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ ၂၀၁၈ ခုနှစ်က ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၉ ဘီလီယံ ရှိသည်။

ဒူတာတေးသည် ဟာလီမာနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လည်း ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ဟာလီမာ၏ ဖိလစ်ပိုင်ခရီးစဉ်အတောအတွင်း နားလည်မှုစာချွန်လွှာ ရှစ်ခု လက်မှတ်ရေးထိုးခဲ့ရာ ယင်းစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဟာလီမာနှင့် ဒူတာတေးတို့က အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးသည် ခိုင်မာတောင့်တင်းလျက်ရှိကြောင်း၊ ထိုထက်မက ပိုမိုပူးပေါင်းလုပ်ဆောင်ရန် ဒူတာတေးနှင့် သဘောတူခဲ့ပြီးဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အရှိန်တိုးမြှင့်ရေးအတွက်လည်းနေရာရှိကြောင်း စင်ကာပူသမ္မတ ဟာလီမာက ပြောကြားသည်။ လတ်တလောတွင် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်သူနှင့် ပညာဆည်းပူးလေ့လာသူ ဖိလစ်ပိုင်နိုင်ငံသား ၂၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## ကိုရီးယားကျွန်းဆွယ်အရေး တောင်ကိုရီးယားနှင့် အမေရိကန်သံတမန်တို့ ဆက်သွယ်ဆွေးနွေး

**ဆိုးလ် စက်တင်ဘာ ၁၀**

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားအထူးသံတမန် လီဒိုဟွန်းနှင့် မြောက်ကိုရီးယားရေးရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဗင်ဘီဂန်တို့သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးနှင့်ပတ်သက်၍ တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်း**

နှစ်နိုင်ငံသံတမန်တို့သည် ဆွေးနွေးစဉ် ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ နောက်ဆုံးအခြေအနေနှင့် ကိုရီးယားကျွန်းဆွယ် ၌ နျူကလီးယားလက်နက်ကင်းစင်ပြီး ထာဝစဉ်ငြိမ်းချမ်းမှုရရှိရေးအပေါ် အဓိကထားဆွေးနွေးခဲ့ကြသည်။ ထို့အပြင် လီဒိုဟွန်းနှင့် စတီဗင်ဘီဂန်တို့သည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်၍ မကြာမီ နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်လည်း သဘောတူခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံက အမျိုးအမည်မသိရသည့် ၎င်း၏ ဒုံးကျည်နှစ်စင်းကို ယနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီ ၅၃ မိနစ်နှင့် နံနက် ၇ နာရီ ၁၂ မိနစ်ခန့်တွင် ပြုံယမ်းပြည်နယ်တောင်ဘက် ကေချွန်ဒေသကုန်းတွင်းပိုင်းမှ အရှေ့ဘက်ရေပြင်သို့ ပစ်လွှတ်ခဲ့ပြီးနောက် ယခုကဲ့သို့ လီဒိုဟွန်းနှင့် စတီဗင်ဘီဂန်တို့ ဆွေးနွေးမှုဖြစ်ပေါ်လာခဲ့သည်။

အဆိုပါ ဒုံးကျည်နှစ်စင်းသည် ကီလိုမီတာ ၃၃၀ ခန့် ဝေးကွာသည့် အရှေ့ဘက်ရေပြင်ထဲသို့ ကျရောက်ခဲ့ပြီး အသေးစိတ်အချက်အလက်ကို တောင်ကိုရီးယားနှင့် အမေရိကန်ထောက်လှမ်းရေးအာဏာပိုင်များက ဆန်းစစ်လေ့လာလျက်ရှိကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်က နောက်ဆုံးအကြိမ်အဖြစ် ၎င်း၏ ဒုံးကျည်ကိုပစ်လွှတ်ခဲ့ပြီး ယနေ့ပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် ယခုနှစ်အတွင်း ဒသမအကြိမ်မြောက် ပစ်လွှတ်မှုဖြစ်လာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် စက်တင်ဘာလကုန်ပိုင်းတွင် တွေ့ဆုံရန်ဆန္ဒရှိကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီက စက်တင်ဘာ ၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်လက မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗင်ဘီဂန် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိစဉ် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် မြောက်ကိုရီးယားနှင့် အလုပ်သဘောဆွေးနွေးညှိနှိုင်းမှုတွင် အမေရိကန်အနေဖြင့် ပါဝင်ရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## အရှေ့တောင်အာရှတွင် မီးခိုးငွေ့များဖုံးလွှမ်းမှုကြောင့် စာသင်ကျောင်းအမြောက်အမြား ပိတ်ထားရ

**ဂျမ်ဘီ စက်တင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ၏ မိုးသစ်တောနေရာတစ်ခွင်တစ်ပြင်တွင် ကြီးမားသည့် တောမီးလောင်မှုများနှင့် ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် အရှေ့တောင်အာရှဒေသတွင် စာသင်ကျောင်းပေါင်းများစွာ ပိတ်ထားရကြောင်း အရာရှိများက ယနေ့ ပြောကြားသည်။



ဆူမတြားနှင့် ဘော်နီယိုကျွန်းအတွင်းရှိ သစ်တောဧရိယာ အများအပြားတွင် တောမီးများလောင်ကျွမ်းလျက်ရှိရာ ထောင်ချီသည့် မီးသတ်သမားများက ငြိမ်းသတ်ရန် ကြိုးစားလျက်ရှိသည်။ ယင်းတောမီးလောင်မှုများသည် သီးနှံစိုက်ပျိုးရန်အတွက် မြေရှင်းလင်းရာမှ စတင်သည်ဟု ဆိုသည်။

ကွာလာလမ်ပူမြို့တွင်းနှင့် ဝန်းကျင်တွင် လေထုအရည်အသွေးသည် ကျန်းမာရေးထိခိုက်နိုင်သည့်အဆင့်သို့ ကျဆင်းသွားသည်ဟု အစိုးရ၏ လေထုညစ်ညမ်းမှု ညွှန်းကိန်း ထုတ်ပြန်ချက်အရ သိရှိရပြီး မိုးကောင်းကင်သည် ထူထဲသည့် မီးခိုးငွေ့များဖြင့် ပိတ်ဖုံးလျက်ရှိသည်။ သစ်ရွက်များ မီးလောင်ရာမှထွက်လာသည့်အနံ့များသည် လေထုထဲတွင် ပြည့်နှက်နေပြီး ဒေသခံများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်နေရကာ ယားယံခြင်း၊ မျက်စိစပ်ခြင်း ခံစားရသည်ဟု တင်ပြချက်များရှိသည်။

စင်ကာပူနိုင်ငံတွင်လည်း ယင်းမီးခိုးငွေ့များဖုံးလွှမ်းနေသည်။ ထိုင်းနိုင်ငံတောင်ပိုင်း အချို့ဒေသများရှိ ဒေသခံများကို ယခုသီတင်းပတ်အတွင်း မျက်နှာဖုံးများ အသုံးပြုကြရန် အကြံပြုထားကြောင်း သိရသည်။

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်း ဆာရာဝပ်ပြည်နယ်အတွင်းရှိ ခရိုင်ကိုးခုတွင် စာသင်ကျောင်းပေါင်း ၄၀၀ ကို အင်္ဂါနေ့က ပိတ်ခဲ့ရသဖြင့် ကျောင်းသားပေါင်း ၁၅၀၀၀၀ ကျော် စာသင်ကြားမှု ထိခိုက်ခဲ့ကြောင်း ယင်းဒေသရှိ ပညာရေးဌာနက ပြောကြားသည်။

အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ ဂျမ်ဘီပြည်နယ်တွင် မူကြိုကျောင်းများကို သောကြာနေ့အထိ ပိတ်ထားရပြီး မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများကိုလည်း ယာယီပိတ်ထားရကြောင်း ဒေသအာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

## တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ဂျပန်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိ

**တိုကျို စက်တင်ဘာ ၁၀**

တိုင်ဖွန်းမုန်တိုင်း ဖက်ဇိုင် တိုက်ခတ်ပြီးနောက် တိုကျိုအနီး ချီဘာစီရင်စုရှိ အိမ်ထောင်စု ငါးသိန်းကျော်ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ ထိုကဲ့သို့ ဓာတ်အားပြတ်တောက်မှုသည် ချီဘာ၊ ကန်တိုဒေသနှင့် ရှီဇူကာခရိုင်များရှိ အိမ်ထောင်စုပေါင်း ၅၇၅၀၀၀ နှင့် စီးပွားရေးလုပ်ငန်းများအား အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှစတင်ပြီး ဖြစ်ပွားခဲ့ကြောင်း တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီက ဆိုသည်။ အဆိုပါကုမ္ပဏီ၏ ပြောကြားချက်အရ အိုင်ဘာရာကီ၊ ကာနာဂါဝါနှင့် ရှီဇူကာခရိုင်များတွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့သော်လည်း ချီဘာခရိုင်တွင်မူ မရရှိသေးကြောင်း၊ အခြားလျှပ်စစ်ကုမ္ပဏီများမှ ဝန်ထမ်း ၁၄၀၀ ခန့်ကလည်း မုန်တိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီက ပြောကြားသည်။ တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီအနေဖြင့် အခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းသုံးကားအစီး ၂၅၀ အား ချီဘာခရိုင်၌ လုပ်ငန်းလုပ်ဆောင်ရေးအတွက် ပေးပို့ရန် စီစဉ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# မြေပုံမြို့နယ်၊ ကမ်းထောင်းကြီးမြို့နယ်ခွဲနှင့် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာတို့၌ AA အဖွဲ့က အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင်းကြီးမြို့နယ်ခွဲ၊ အလယ်ပိုင်းရပ်ကွက်၊ ဈေးအတွင်း ယနေ့ နံနက်ပိုင်းက AA အဖွဲ့က သတ်ဖြတ်ထားသည့် အမျိုးသားအလောင်း နှစ်လောင်းအား တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အဖွဲ့သည် အပြစ်မဲ့အရပ်သား ပြည်သူများဖြစ်သည့် သဲကမ်းတောင်ကျေးရွာနေ ဦးညီညီထွေးနှင့် ဦးမောင်လုံးတို့ နှစ်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်ပြီး အလယ်ပိုင်းရပ်ကွက်ရှိ ဈေးအတွင်း လမ်းလေးခွဆုံ၌ ထားရှိခဲ့ခြင်းဖြစ်ကြောင်း။

ထို့ပြင် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာမှ ဦးခိုင်သည် မိသားစုနှင့်အတူ နေအိမ်၌ အိပ်နေစဉ် စက်တင်ဘာ ၉ ရက် ည ၁၂ နာရီခန့်တွင် AA အဖွဲ့မှ သုံးဦးရောက်ရှိလာပြီး ဓားဖြင့်ခုတ်သတ်ခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း။

အလားတူ ၂၀၁၉ ခုနှစ် မတ် ၁၉ ရက်တွင် ပလက်ဝမြို့နယ် ထရွန်အိုင်ကျေးရွာမှ အပြစ်မဲ့အရပ်သားတစ်ဦးအား ကျောက်တော်မြို့ ချမ်းမြေ့နဒီပန်းခြံဆိပ်ကမ်းရှိ စက်လှေဆိပ်၌လည်းကောင်း၊ မတ် ၂၀ ရက်တွင် မြေပုံမြို့နယ် စံညွှင်းကျေးရွာမှ အပြစ်မဲ့အရပ်သားတစ်ဦးအား လည်းကောင်း၊ မတ် ၂၃ ရက်တွင် တိမ်ညိုရဲစခန်းမှ စခန်းမှူးအား လည်းကောင်း၊ မေ ၁ ရက်တွင် ကျောက်တော်မြို့နယ် ပီကောက်ဝ (ရခိုင်) ကျေးရွာအတွင်း နေထိုင်သည့်တပ်မတော်မှ အငြိမ်းစားတပ်ကြပ်ကြီး တစ်ဦးအား လည်းကောင်း၊ ဩဂုတ် ၃ ရက်တွင် ကျောက်တော်မြို့နယ်၊ ဆင်အိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သာဒါဆိပ်ကျေးရွာ ရာအိမ်မှူးတို့အား လည်းကောင်း၊ စက်တင်ဘာ ၁ ရက်တွင် ကျောက်တော်မြို့နယ် ဝါးတောင်ကျေးရွာတွင် နေအိမ်၌ ဈေးရောင်းနေသည့် အပြစ်မဲ့အရပ်သား နှစ်ဦးနှင့် ယိုးတရုတ်ကျေးရွာဈေးအတွင်း၌ ဈေးဝယ်နေသည့် ဒု-ရဲအုပ်တစ်ဦးတို့အား လည်းကောင်း AA အဖွဲ့က လက်နက်ငယ်များ၊ ဓားများဖြင့် အကြောင်းမဲ့ ပစ်ခတ်ထိုးသတ်ခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ သယ်ဆောင်လာသော ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၈၀၀၀ ကျော်ကို တာချီလိတ်၌ ဖမ်းမိ

**တာချီလိတ် စက်တင်ဘာ ၁၀**

ကန့်သတ်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၈၀၀၀ ကျော်ကို တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ စက်တင်ဘာ ၉ ရက် ညနေပိုင်းက ဖမ်းဆီးရမိသည်။

စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီခန့်တွင် မူးယစ်နှိမ်နင်းရေးတပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)ပေါ်တွင် မယ်ဆိုင်မှ တာချီလိတ်သို့ အိုက်စံ မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို တားဆီးစစ်ဆေးရာ ၂၀ လီတာဆံ့ ဂါလန်ပုံးနှင့်ထည့်ထားသည့် ဟိုက်ဒရိုကလိုရစ်အက်စစ်ပုံး ၆၅ ပုံး (လီတာ ၁၃၀၀) ကို ဖမ်းဆီးရမိသည်။

ထိုသို့ စစ်ဆေးနေစဉ် သုံးဘီးဆိုင်ကယ်ပိုင်ရှင် အောင်သူ ရောက်ရှိလာကြောင်း၊ ထို့နောက် ညနေ ၅ နာရီခွဲခန့်တွင် မယ်ဆိုင်မှ မျိုးမင်းသူ မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကိုထပ်မံစစ်ဆေးရာ လီတာ ၂၀ ဆံ့ ပုံး ၅၀ ဖြင့် ထည့်ထားသည့် ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၁၀၀၀ ကို ထပ်မံဖမ်းဆီးရမိသည်။

စစ်ဆေးချက်အရ အက်စစ်များသယ်ဆောင်ခိုင်းသူမှာ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်နေ စိုင်းလှမောင်ဖြစ်ပြီး ၎င်း၏နေအိမ်ကို သွားရောက်စစ်ဆေးရာ ခြံဝင်းအတွင်း ရပ်ထားသည့် အိုက်လူ မောင်းနှင်သောယာဉ်ပေါ်မှ ဟိုက်ဒရိုကလိုရစ်အက်စစ်ပုံး ၅၀၊ စိုင်းလှမောင် မောင်းနှင်သည့်ယာဉ်ပေါ်မှ အက်စစ်ပုံး ၅၀၊ နန်းဝင်း မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ပေါ်မှ အက်စစ်ပုံး ၈၅ ပုံးနှင့် မင်းမင်း မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ပေါ်မှ အက်စစ်ပုံး ၁၄ ပုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် စုစုပေါင်း ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၈၂၈၀ (ကာလတန်ဖိုးငွေကျပ် ၆၆၂ ဒသမ ၄ သိန်း) ဖြစ်ကြောင်း သိရသည်။

ဟိုက်ဒရိုကလိုရစ်အက်စစ်များနှင့်အတူ ဖမ်းဆီးရမိသည့် အိုက်စံ၊ စိုင်းလှမောင်၊ အောင်သူ၊ အိုက်လူ၊ မျိုးမင်းသူ၊ နန်းဝင်းနှင့် မင်းမင်းတို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိခြင်း မရှိသေးသည့် မင်းမင်းအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**





# ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၁) ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၁၀**

ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန် (၁) ရှိ ဇာမဏီဖယောင်းပွဲရုံ၌ ယနေ့ည ၇ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ပွဲရုံမီးလောင်မှု ဖြစ်ပွားနေတာပါ။ ကတ္တရာပုံးတွေလည်း ရှိနေတာမို့ ဘေးကို မီးကူးစက်မှုမဖြစ်ပွားအောင် မီးသတ်တပ်ဖွဲ့ဝင်တွေက ငြှိမ်းသတ်နေရပါတယ်။ ဖယောင်းဆိုတော့ ရေနဲ့ပက်ဖျန်းလို့မရပါဘူး။ မီးငြိမ်းဖို့အတွက် Foam အမြှုပ်ဆေးရည်နဲ့ ပက်ဖျန်းငြှိမ်းသတ်နေရပါတယ်။ မိုးမရွာပါစေနဲ့လို့ ဆုတောင်းနေရတယ်။ မိုးရွာလို့ရှိရင် Foam အမြှုပ်ဆေးရည်ကအုပ်ထားပေးထားတာဆိုတော့ ဆေးရည်တွေ ဘေးကိုစီးပြီး မီးပိုပျံ့ကုန်မှာစိုးလို့ပါ။ လက်ရှိ ည ၁၀ နာရီကျော်အထိကို မီးလောင်နေဆဲမို့ မီးငြှိမ်းသတ်နေပါတယ်"ဟု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် Level 2 ယာဉ်အုပ်စုများ ထွက်ခွာငြှိမ်းသတ်နေရာမှ ည ၇ နာရီခွဲတွင် Level 3 ယာဉ်အုပ်စုများ၊ ၇ နာရီ မိနစ် ၅၀ တွင် Level 4 ယာဉ်အုပ်စုများအပြင် မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှယာဉ်များ ပူးပေါင်းငြှိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

အဆိုပါ မီးလောင်မှုအကြောင်းအရင်းအား စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်တစ်ခုတို့မှ တရားမဝင်သစ် ၆၆ တန်ကျော်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

သစ်တောဦးစီးဌာနသည် ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် သတင်းပေးချက်အရ စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်တစ်ခုတို့တွင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးကျေးရွာ ကျွဲကူးတံတား၏ အနောက်ဘက်မှ သင်္ကန်းနှင့် ကတ္တတ်ခွဲသား ၂၅ ဒသမ ၉၃၇၆ တန် တင်ဆောင်ထားသည့် စက်လှေတစ်စင်းနှင့် ပြစ်မှုကျူးလွန်သူသုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ခိုပဲဝရပ်ကွက် ကျောက်ပုံဆိပ်(ဆိပ်ကမ်း) နေရာမှ ကျွန်းနှင့် အင်ခွဲသား စုစုပေါင်း ၉ ဒသမ ၀၈၀၈ တန် တင်ဆောင်ထားသည့် စက်လှေတစ်စင်းနှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယင်းမာပင်မြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ စည်သူသစ်ဆိပ်နေရာမှ ကျွန်းနှင့် အင်ခွဲသား စုစုပေါင်း ၁၁ ဒသမ ၈၇၂၆ တန်၊ ကသာခရိုင် အင်းတော်မြို့နယ် အောင်သူချောင်ချောင်းအတွင်းမှ ၂၅ ကောင် အင်ဂျင်တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများနှင့် ကျွန်း၊ ကညင်သစ် စုစုပေါင်း ၁၂ ဒသမ ၂၂၁ တန်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းဘေး၌ ရပ်တန့်ထားသော Bongo Braung ယာဉ်ပေါ်မှ ကျွန်း၊ ပိတောက်သစ်ခွဲသား စုစုပေါင်း ၁ ဒသမ ၆၇၂၅ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကျောက်ပုံကြီးကွင်း မြောက်ဘက် ရော်ဘာခြံအနီး တောစပ်မှ ပိတောက်၊ ပျဉ်းကတိုးနှင့် သဒီခွဲသား စုစုပေါင်း ၅ ဒသမ ၇၈၅၂ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မြဝတီ-ကော့ကရိတ်အာရှလမ်းတွင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေဆုံး၊ ၃၆ ဦးဒဏ်ရာရ

**မြဝတီ စက်တင်ဘာ ၁၀**

မြဝတီ- ကော့ကရိတ်အာရှလမ်း ကွမ်းခြံကွေ့ကုန်းအဆင်း မိုင်တိုင်(၁၅၈) နှင့် (၁၅၉) ကြားတွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ယာဉ်မောင်း ဦးတင်မြင့် မောင်းနှင်လာသည့် ရွှေပြည်ဦးခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့တိမ်းမှောက်သွားခဲ့ရာ အမျိုးသမီး တစ်ဦးသေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသော လူနာများအား လူမှုကူညီရေးအသင်းများက မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ခရိုင်ပြည်သူ့ဆေးရုံကြီး၌ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၇ ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်။ ဒဏ်ရာအနည်းငယ်ရရှိသူ အမျိုးသမီး ၁၅ ဦး၊ အမျိုးသား တစ်ဦးတို့အား ပြင်ပလူနာအဖြစ် ကုသပေးလျက်ရှိပြီး အမျိုးသမီး တစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



# သတ္တုဖွံ့ဖြိုးရေးလီမိတက် (မန္တလေး)ဘဏ်ခွဲဖွင့်

**မန္တလေး စက်တင်ဘာ ၁၀**

သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် (မန္တလေးဘဏ်ခွဲ) ဖွင့်လှစ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ ၊ ၃၁ လမ်းနှင့် ၃၂လမ်းကြားရှိ အဆိုပါ ဘဏ်ခွဲ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် ဘဏ်ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌ ဦးရုံးမူ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးသိန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်အား မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်နှင့် ကျောက်မျက်လုပ်ငန်းများဆောင်ရွက်နေကြသော လုပ်ငန်းရှင်များအတွက် ထောက်ပံ့ကူညီပေးနိုင်စေရန်နှင့် ကျောက်မျက်သတ္တုနှင့် သယံဇာတလုပ်ငန်းများမှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျောက်မျက်နှင့် သတ္တုလုပ်ငန်းရှင်များ စုပေါင်းတည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီ(SEAOP)မှ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ချောက် စက်တင်ဘာ ၁၀**

အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီ (SEAOP)မှ ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဝွေးပင်ရွာရှိ ဝွေးပင်ချောက် အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့် အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်း ကုမ္ပဏီမှ Mr. Li Wen Bin တို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၁၀၀၀ အတွက် လွယ်အိတ်နှင့် စာရေးကိရိယာ တစ်စုံစီ၊ ဆရာ ဆရာမ ၄၀ ကျော် အတွက် လက်ကိုင်ဖုန်းသုံး Power Bank တစ်ခုစီတို့ကို ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အကျယ် ပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း ရှစ်ခန်းပါဝင်ကာ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့် ပညာသင်ကြားနိုင်မည်ဖြစ်သည်။ ကျောင်းဆောင်သစ်၏ တန်ဖိုးမှာ ကျပ် ၂၄၈ သန်း ဖြစ်သည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပေါင်း ၂၄၄ ခု ကို ဆောင်ရွက်ပေးခဲ့ပြီး ယခုစာသင်ဆောင်သည် ပညာရေးကဏ္ဍအတွက် ၁၀၇ ခုမြောက် ဆောင်ရွက်မှုဖြစ်သည့်အပြင် အဆိုပါ လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ သန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**ခင်မောင်မြင့်**



# ပဲခူးတွင် စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဂျပန်ကုမ္ပဏီမှ ရှင်းလင်းဆွေးနွေး

**ပဲခူး စက်တင်ဘာ ၁၀**

စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဂျပန်နိုင်ငံအခြေစိုက် Osaka Technocrat Co.,Ltd မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိုခန်းမသို့ စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီခွဲက လာရောက်ရှင်းလင်းဆွေးနွေးသည်။

Osaka Technocrat Co., Ltd Director , Mr. Yoshisugu Mine က မိမိတို့ကုမ္ပဏီအနေဖြင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဆင်ကူးဝက်လှကျေးရွာအုပ်စုအတွင်းရှိ ကညင်တကိုင်းကျေးရွာ၌ စွန့်ပစ်ပစ္စည်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးလက်မီးလင်းရေး ကုန်ကျစရိတ်ကို ဂျပန်အစိုးရထောက်ပံ့ငွေဖြင့် ဂျပန်နိုင်ငံနည်းပညာတက္ကသိုလ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း နည်းပညာတက္ကသိုလ်တို့နှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်အဆင့်အနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မဟာဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းနှင့် ငါးမိုင်အတွင်းရှိ ကျေးရွာများမီးလင်းနိုင်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

**တင်စိုး(ပဲခူး)**



# ရန်ကုန်မြို့တော်တစ်ခွင် ဖွံ့ဖြိုးမှုအစီအစဉ် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရန်ကုန်မြို့တော်တစ်ခွင် ဖွံ့ဖြိုးမှုအစီအစဉ် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၃ တွင် စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီက ကျင်းပသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော်တစ်ခွင် ဖွံ့ဖြိုးမှုအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးပြီး စက်တင်ဘာလ တတိယပတ်ခန့်မှစတင်ပြီး ရသည့်အပိုင်းများကို ပြသနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ အားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည့်အချက်အလက်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူး ဦးကြည်ထွန်းက အပိုင်းလိုက် ရိုက်ကူးရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆွေးနွေးခဲ့ကြသည်။

ရိုက်ကူးထုတ်လွှင့်မည့် အစီအစဉ်များမှာ AMI စနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုနေမှုများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်နေသည့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ အစဉ်တိုးတက်နေသည့် သီလဝါ SEZ၊ ပြောင်းလဲလာသော ဘတ်စ်ကားစနစ် YBS-YRTA၊ အဆင့်မြှင့်တင်လျက်ရှိသည့် မြို့ပတ်ရထားလမ်းများ၊ ဒလမြို့သစ်စီမံကိန်း အကြောင်းအရာများ၊ ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် စက်မှုဥယျာဉ်မြို့တော်တည်ဆောက်မည့် စီမံကိန်းအကြောင်းအရာများစသည်ဖြင့် ရန်ကုန်မြို့တစ်ခွင် ရိုက်ကူးတင်ဆက်မည့်အစီအစဉ် ၃၀ ကျော် ပါဝင်ကြောင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MRTV-4၊ Sky Net Channel၊ Channel K၊ Fortune TV နှင့် အခြား ရုပ်သံလိုင်းများတွင် အပိုင်းလိုက်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**

# ဧရာဝတီမြစ်အတွင်း ငါးကောင်ရေတစ်သိန်း မျိုးစိုက်ထည့်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းနား၌ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

“ငါးမျိုးစိုက်ထည့်ရခြင်းမှာ ငါးမျိုးမပြုန်းတီးစေရေး၊ ငါးသယံဇာတ ပေါကြွယ်ဝစေရေးနှင့် စားသုံးမှုဖူလုံစေရေးတို့ကို ရည်ရွယ်လျက် ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်မျိုးများ စိုက်ထည့်ခြင်းဖြစ်ပြီး ဧရာဝတီမြစ်အတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲရေးတို့အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလ ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်” ဟု စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ကိုလတ်က ပြောကြားသည်။

ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်မျိုးစုံ စိုက်ထည့်ခြင်းတွင် ငါးကြင်းသားပေါက် အကောင်ရေ ၅၀၀၀၀၊ ထိုင်းငါးခုံးမကြီးသားပေါက် အကောင်ရေ ၅၀၀၀၀ စိုက်ထည့်ကြသည်။

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်နှင့် စစ်ကိုင်းခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့အထက (၁)မှဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ငါးသားပေါက်မျိုးစိုက်ထည့်ကြကြောင်း သိရသည်

**အောင်စံမောင်**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးမြင့်မောင် ဦးဆောင်၍ ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ရဲတပ်ဖွဲ့ဝင် ၄၆ ဦးတို့သည် ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီခွဲက တပ်ဖွဲ့ဝင်စုစုပေါင်း ၁၁၅ ဦးတို့သည် ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**



**ပေါင်**

ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေ၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးထွန်းဇော်ဦးတို့ဦးစီးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ စုစုပေါင်း အင်အား ၈၅ဦးဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဘန့်ဘွေးကုန်းကျေးရွာမုကျိပိုင်းရှိ မဟာဗောဓိစေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။ **ဝရဇိန်(ပေါင်)**



**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှရဲမှူးအောင်မျိုးဦး၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသန်းထိုက်နှင့် တပ်ဖွဲ့ဝင်အင်အား ၅၀ တို့သည် စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီခွဲက ကျွန်းလှပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **စိုးမိုးကျော်**



**မန္တလေး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ်ဆင်စွယ်ပွတ်ရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်နိုင်၊ ရဲအုပ်ဇာခြည်ဝင်း၊ ခေတ္တရဲစခန်းမှူး ဒု-ရဲမှူးဆန်းဝင်း၊ မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်မိုးခိုင်နှင့် အဖွဲ့ဝင် ၆၀တို့သည် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



## ကျောက်ကြီးမြို့၌ ရှင်ဉပဂုတ္တမီးမျှောပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၃၁)ကြိမ်မြောက် ရှင်ဉပဂုတ္တ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့လယ်တံတားမုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ပွဲတော်သည် ကျောက်ကြီးမြို့နယ်၏ အစဉ်အလာကြီးမားသော ဘာသာရေးပွဲတော်ကြီးဖြစ်သည့်အပြင် တောင်သူလယ်သမားများ၏ ထွန်တုံးပိတ်ပွဲ အမွှမ်းတင်သည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကြီးကို အမျိုးသား ငါးတက်၊ အမျိုးသမီး ခုနစ်တက်ဖြင့် လှေအသင်း ၆၀ ကျော် မြို့လယ်ချောင်းအတွင်း ယှဉ်ပြိုင်မည်ဖြစ်ကာ အမျိုးသားချောတိုင်တက်ပွဲ၊ အမျိုးသမီးတက်ခုတ်ယိမ်းအကအလှများ၊ မြို့နယ်အားကစားကွင်း၌ ဘောလုံးအသင်း ၂၈ သင်း ယှဉ်ပြိုင်ပွဲများနှင့် ညပိုင်း ရှင်ဉပဂုတ္တရဟန္တာမြတ်အား မီးမျှောပူဇော်ကြပြီး ကုန်းပိုင်းဖျော်ဖြေမှုအနေနှင့် ဆပ်ကပ်ပဒေသာနှင့် စတိတ်ရှိုးဖျော်ဖြေမှုများ ထည့်သွင်းထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ပွဲတော်လာသူများဖြင့် နှစ်စဉ်စည်ကားလျက်ရှိသော ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဖျာပုံ စက်တင်ဘာ ၁၀**



ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူးဖလားလေးမြို့နယ် အသက် ၂၃ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဖျာပုံမြို့ မြောက်ပိုင်းရပ်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။ ဗိုလ်လုပွဲအဖြစ် ဖျာပုံမြို့နယ်ဘောလုံးအသင်းနှင့် ဒေးဒရဲမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖျာပုံမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပထမတံခွန်စိုက်ဆုရ ဖျာပုံမြို့နယ် အသင်းအားလည်းကောင်း၊ ဖျာပုံခရိုင် အား/ကာမှူး ဒေါ်စန္ဒာဦးက ဒုတိယဆုရ ဒေးဒရဲမြို့နယ်အသင်းအား လည်းကောင်း၊ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းဝင်းက တတိယဆုရ ကျိုက်လတ်မြို့နယ် အသင်းအားလည်းကောင်း၊ ဖျာပုံမြို့ ပွဲတင်သံဘောလုံးအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်မြင့်က နှစ်သိမ့်ဆုရ ဘိုကလေးမြို့နယ်အသင်းအား လည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြပြီး ပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုံးဆု၊ ဂိုးသွင်းအများဆုံးဆု၊ အကောင်းဆုံး အားကစားသမားဆု၊ ဒိုင်အဖွဲ့ အကြိုက်နှစ်သက်ဆုံး မျိုးဆက်သစ်အားကစားသမားဆုများကိုပါ တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။

ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူးဖလား အသက် ၂၃ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို အားကစားအပေါ်လူငယ်များ စိတ်ဝင်စားလာစေပြီး အားကစားသမားအချင်းချင်း ရင်းနှီးချစ်ခင်လာစေရန်၊ တိုင်းဒေသကြီး၊ ခရိုင် ကိုယ်စားပြု အားကစားသမားများမှသည် နိုင်ငံကိုယ်စားပြု ထူးချွန်သော ဖူဆယ်လက်ရွေးစင် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ယာဉ်လိုင်းဂိတ်များတွင် လုံခြုံရေးကင်မရာတပ်ဆင်၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုတင်ပို့မှု ထိန်းချုပ်မည်

**မုံရွာ စက်တင်ဘာ ၁၀**

မုံရွာမြို့ မုံရွာကားကွင်းရှိ ယာဉ်လိုင်းဂိတ်များတွင် လုံခြုံရေးကင်မရာများတပ်ဆင်၍ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုတင်ပို့မှုများကို ထိန်းချုပ်သွားမည်ဟု အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ (မုံရွာ) တပ်ဖွဲ့ခွဲမှူး ရဲမှူးကိုကိုနိုင်က စက်တင်ဘာ ၈ ရက်က ပြောကြားသည်။

မုံရွာမြို့မှ အခြားမြို့ကြီးများသို့ နေ့စဉ်ဆက်သွယ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းအသင်း ၅၉ သင်းက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"ကုန်စည်လက်ခံတဲ့ ဂိတ်မှူးတွေအနေနဲ့ ကုန်စည်ပေးပို့သူ၊ ကုန်စည်လက်ခံ ထုတ်ယူသူရဲ့အချက်အလက်တွေ ရရှိထားဖို့လိုသလို လုံခြုံရေးကင်မရာကတစ်ဆင့်လည်းမှတ်တမ်းတွေ ထိန်းသိမ်းထားရှိဖို့လိုပါတယ်" ဟု ရဲမှူးကိုကိုနိုင်က ပြောသည်။

"မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုတင်ပို့သူတွေဟာ လူသုံးကုန်ပစ္စည်းတွေ၊ စားသောက်ကုန် ပစ္စည်းတွေလို ထုပ်ပိုးပြီး ခရီးသည်တင် ယာဉ်လိုင်းတွေနဲ့တင်ပို့နေတာကို စစ်ဆေးတဲ့အခါပေါ်ပေါက်ခဲ့တာတွေရှိတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မြို့နယ်ဦးစီးဌာနမှူး စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ မြို့နယ်ဦးစီးဌာနမှူး လုပ်ငန်းတာဝန်များ စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁၁) ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြသည်။ **ကိုကြည်**

## ပေါင်းတည်၌ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲ ဖွင့်လှစ်

**ပေါင်းတည် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၁၁၉ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အား တစ်နှစ်တာကိန်းဝပ်စံမြန်းတော်မူရာ ဂန္ဓကုဋိတိုက်တော်မှ ယာယီစံမြန်းတော်မူမည့် ရွှေကျောင်းဆောင် ရွှေပလ္လင်ထက်ပေါ်သို့ ပင့်ဆောင်သည့် အခမ်းအနားကို ယနေ့ညနေ ၅ နာရီက အဆိုပါဗုဒ္ဓမြတ်စွယ်တော်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ဗုဒ္ဓမြတ်စွယ်တော်ကိုအခမ်းအနားစီစဉ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဦး(၁)က စတင်ပင့်ဆောင်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ အာဂမဇောတိကာရုံစာသင်တိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဝံသထံသို့ လွှဲပြောင်းပေးအပ်ကာ တာဝန်ရှိသူများက လက်ဆင့်ကမ်း ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ရွှေကျောင်းဆောင်တော်ပေါ်သို့ရောက်ရှိပြီး အပူဇော်ခံတော်မူရာ ရွှေကျောင်းကြီးတိုက်နာယကဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းထွန်းဦး၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ ပြည်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘုရားဖူးပရိသတ်အပေါင်းတို့က ဖူးမြော်ကြည်ညိုကြပြီး လက်ဝတ်ရတနာများ၊ အလှူငွေများနှင့် ပန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ဦးဆောင်မှုဖြင့် ဒုတိယရဲတပ်ဖွဲ့မှူး၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး၊ ဥတ္တရခရိုင် ခေတ္တရဲတပ်ဖွဲ့မှူးနှင့် နေပြည်တော် ရဲတပ်ဖွဲ့အောက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများ၊ တပ်ဖွဲ့ဝင် အင်အား ၂၀၀ တို့သည် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး တပ်ဖွဲ့ဝင်အင်အား ၆၀ ဦးတို့က ဆေးရုံကြီးသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



**ကိုကိုရှူပ(နေပြည်တော်)**

## ကြည့်မြင်တိုင်-ဘုရားလမ်း အစုန်ရထားလမ်း(အတွင်းလမ်း) စတင်ဖွင့်လှစ်ပြေးဆွဲ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ရထားစီးနင်းနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်းများကို လမ်းပိုင်းအလိုက်အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကြည့်မြင်တိုင်-ဘုရားလမ်း အစုန်လမ်း (အတွင်းလမ်း)ပြုပြင်ခြင်းများ ဆောင်ရွက်ပြီးစီးသဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီးမှ အင်းစိန်-တညင်းကုန်း- လှော်ကားဘူတာသို့ ပြေးဆွဲမည့်ရထားများမှာ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းမှစတင်၍ လမ်းသစ်မှ ခုတ်မောင်းပြေးဆွဲလျက်ရှိပြီး မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်လမ်း အနောက်ခြမ်းဖြစ်သော တညင်းကုန်း-အင်းစိန်-ကြည့်မြင်တိုင် အစုန်လမ်းနှင့် အဆန်လမ်း နှစ်ခုစလုံးကို အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။




ကြည့်မြင်တိုင်-ဘုရားလမ်း ဘူတာကြား အစုန်လမ်း(အတွင်းလမ်း)မှ ရထားခုတ်မောင်းပြေးဆွဲနေသည်ကို တွေ့ရစဉ်။ **ဓာတ်ပုံ-စိုးမြင့်အောင်**

ကြည့်မြင်တိုင်-ဘုရားလမ်း (အဆန်လမ်း) အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၉ ရက်မှစ၍ လမ်းပြုပြင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ပတ်အရှေ့ခြမ်းဖြစ်သည့် တညင်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်းလမ်းပိုင်းကို ပြုပြင်ဆောင်ရွက်လျက်ရှိရာ လာမည့် အောက်တိုဘာလအတွင်း ပြန်လည်ဖွင့်လှစ်ရန် မြန်မာ့မီးရထားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

လက်ရှိ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲကြာချိန်မှာ ၂ နာရီ မိနစ် ၅၀ ကြာမြင့်ပြီး ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့တစ်ပတ်ရထားပြေးဆွဲ ကြာချိန်ကို ၁ နာရီ မိနစ် ၅၀ အတွင်း လျှော့ချပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **ပွင့်သစ္စာ**

## အနုပညာ

## ပဲရစ်မှာ တေးအယ်လ်ဘမ်သစ်ကို ဖျော်ဖြေခဲ့တဲ့ တေလာဆွစ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ပြီးခဲ့တဲ့ လကုန်ပိုင်းမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်အတွက် ဖျော်ဖြေပွဲတစ်ခုကို ပဲရစ်မှာလတ်တလောပြုလုပ်ခဲ့ပြီး ပရိသတ်တွေအတွက် ဖျော်ဖြေပေးခဲ့ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၂၃ ရက်မှာ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် “Lover” ကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ဟာလည်း တေလာဆွစ်အတွက် အောင်မြင်မှုတွေ ယူဆောင်လာပေးပြီး စံချိန်သစ်တွေလည်း တင်နိုင်ခဲ့တာ တွေ့ရပါတယ်။ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို အားပေးမှုအတွက် တေလာဆွစ်က တုံ့ပြန်တဲ့အနေနဲ့ ဖျော်ဖြေပွဲတစ်ခုကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ စက်တင်ဘာ ၉ ရက်က ပြုလုပ်ခဲ့ပြီး ဒီပွဲကို ပရိသတ်တွေ များစွာ တက်ရောက်အားပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဂရမ်မီဆုများရှင် တေလာဆွစ်ဟာ ဖျော်ဖြေပွဲမှာ တေးအယ်လ်ဘမ်သစ်က တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့သလို သူ့ရဲ့တေးအယ်လ်ဘမ်ဟောင်းတွေက အောင်မြင်တဲ့ တေးသီချင်းတွေနဲ့လည်း သီဆိုဖျော်ဖြေခဲ့တယ်လို့လည်း သိရပါတယ်။

## ဖိနပ် ဒီဇိုင်းသစ်များကို ကတ်တီပါရီ ထုတ်ဖော်ပြသ



ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကတ်တီပါရီဟာ လတ်တလောမှာပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ သူထုတ်လုပ်တဲ့ဖိနပ်တွေရဲ့ ဒီဇိုင်းသစ်တွေကို ထုတ်ဖော်ပြသလာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလော ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ကတ်တီပါရီရဲ့ ဖိနပ်ဒီဇိုင်းသစ်တွေနဲ့ပတ်သက်ပြီး ပေါ့ပ်ကြယ်ပွင့်က အနည်းငယ်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ ထုတ်လုပ်ခဲ့တဲ့ ဖိနပ်ဒီဇိုင်းတွေကတော့ အခမ်းအနားအမျိုးအစားတစ်ခုတည်းကိုသာ ရည်ရွယ်ပြုလုပ်ထားတဲ့ ဒီဇိုင်းမျိုးမဟုတ်ဘဲ အခြေအနေအားလုံးမှာဝတ်ဆင်နိုင်တဲ့ ဖိနပ်မျိုးတွေထုတ်လုပ်ထားကြောင်း ကတ်တီပါရီက ပြောကြားခဲ့ပါတယ်။

“Katy Perry Footwear Collection” ရဲ့ နောက်ဆုံးပေါ်ဖိနပ်ဒီဇိုင်းတွေမှာ ပုံစံ ၄၀ ခန့် ပါဝင်နေပြီး ကျောင်းတက်သူတွေ၊ ရုံးတက်သူတွေသာမက အခမ်းအနားတွေမှာလည်း သက်သောင့်သက်သာစီးနိုင်မယ့် ဒီဇိုင်းမျိုးတွေပါဝင်နေကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## အမေဇုန်တောမီးအတွက် ဝမ်သန်း ၇၀ ချန်းမင်း လှူဒါန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ “TVXQ” ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းမင်းဟာ မကြာသေးမီကဖြစ်ပွားခဲ့တဲ့ အမေဇုန်သစ်တောမီးလောင်မှုနဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ရာမှာ ထောက်ပံ့ကူညီမှုတွေပြုလုပ်ဖို့အတွက် ဝမ်သန်း ၇၀ လှူဒါန်းခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချန်းမင်းရဲ့ လှူဒါန်းမှုကို စက်တင်ဘာ ၉ ရက်က အစိမ်းရောင်ငြိမ်းချမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ၎င်းရဲ့ ပြောကြားချက်အရ ချန်းမင်းဟာ အမေဇုန်သစ်တောမီးလောင်မှုမှာဆုံးရှုံးသွားတဲ့ သစ်တောဇရိယာနဲ့ အပျက်အစီးတွေနဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ရာမှာ ကူညီထောက်ပံ့ဖို့ရာ ဝမ်သန်း ၇၀ လှူဒါန်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေး တောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေး တောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

# နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံများက တစ်တပ်တစ်အားဖြစ်လာမည်လား

နန္ဒာဝင်း



ချောက်မဲဆန္ဒနယ်မှ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး

"ပြဒါးသေတစ်ဆွေ၀၊ သံသေတစ်ပြည်ဝ" ရှေးဆိုရိုးစကား ရှိခဲ့သည်။ ပြဒါးကိုသေအောင် ပြုလုပ်နိုင်လျှင် တစ်ဆွေမျိုးလုံးချမ်းသာနိုင်သကဲ့သို့ သံကိုသေအောင် ပြုလုပ်နိုင်လျှင် တစ်တိုင်းပြည်လုံး ချမ်းသာမည်ဟု ကြားဖူးခဲ့သည်။ သံဟူသည် တွင်းထွက်ဒြပ်စင်ရော သံမဏိကုန်ကြမ်းဖြစ်ပြီး သံရိုင်းကို အရည်ကျိုခြင်း၊ သံမှန်သမျှကို လိုရာပြုလုပ်နိုင်ခြင်းကို သံသေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

စက်မှုထုတ်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ကုန်မာပစ္စည်းများသာမက အခြေခံအဆောက်အအုံတည်ဆောက်ရာတွင် သံသည်မပါမဖြစ် အသုံးပြုရသော ပစ္စည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သံနှင့် သံမဏိစီးပွားဖြစ်ထုတ်လုပ်နိုင်မည့် သတ္တုရိုင်းသိုက် များစွာတည်ရှိပြီး ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်လျှင် သွင်းကုန်အစားထိုးနိုင်၍ နိုင်ငံခြားငွေ သက်သာနိုင်ကာ နည်းပညာတိုးတက်၍ စက်မှုနိုင်ငံတည်ဆောက်နိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးစီးပွားဥစ္စာ တိုးပွားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် သံမဏိစက်ရုံများကို တည်ထောင်ခဲ့ကြသော်လည်း ပြည်ပထုတ်ကုန်များ၏

**"စက်မှုဝန်ကြီးဌာနအောက်ရှိ ရပ်နားထားသည့် စက်ရုံ ၂၄ ရုံမှာ သံမဏိစက်ရုံ နှစ်ခု၊ အထည်စက်ရုံ ၁၀ ခု၊ ဘိလပ်မြေ စက်ရုံ တစ်ခု၊ အကြီးစား စက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံ ခြောက်ခုနှင့် စက္ကူစက်ရုံ၊ မှန်စက်ရုံ၊ ပလတ်စတစ် စက်ရုံ၊ ရော်ဘာပစ္စည်းစက်ရုံ စသည့် စက်ရုံများဖြစ်သည်။ အဆိုပါ စက်ရုံများတွင် စုစုပေါင်း ဝန်ထမ်းဦးရေ ၆၆၉၈ ဦးရှိပြီး တစ်လအတွက် လစာစရိတ် ကုန်ကျငွေကျပ် ၁၂၄၂ ဒသမ ၇၇၈ သန်းနှင့် ပင်စင်လစာ ငွေကျပ်၂၄၃ ဒသမ ၃၅၉ သန်းကို နိုင်ငံတော်မှ တာဝန်ယူနေရ"**

အရည်အသွေး၊ ဈေးနှုန်း၊ ဒီဇိုင်းအရ ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း၊ ဈေးကွက်မရှိခြင်း၊ စက်စွမ်းအားကျဆင်းခြင်း၊ ထုတ်လုပ်မှုစရိတ် မြင့်မားလာပြီး အရှုံးပေါ်ခြင်း စသည့် အကြောင်းများကြောင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ သံမဏိစက်ရုံနှစ်ခုကို ရပ်နားထားခဲ့ရသည်။

ရပ်ဆိုင်းထားသော စက်ရုံတစ်ခုဖြစ်သည့် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)၏ ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ်သန်းပေါင်း ၁၇၉၅၅၀၅ ဒသမ ၂၀၂ သန်း၊ နိုင်ငံခြားငွေ ယူရို ၁၀၅၃ ဒသမ ၉၆၅ သန်းရှိသည်။ ဝန်ထမ်းအင်အား ၈၂၈ ဦးနှင့် ပင်စင်စား ခြောက်ဦးတို့အတွက် လစာနှင့် ပင်စင်စရိတ်မှာ တစ်နှစ်လျှင် ၁၈၀၅ ဒသမ ၂ သန်းရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်းပေါင်း ၂၅၀၉၀ ဒသမ ၄၉၂ သန်း အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အရ စက်မှုဝန်ကြီးဌာန၏ ငါးနှစ်ဆက်တိုက်နှင့်အထက် အရှုံးပေါ်နေသည့် သံမဏိစက်ရုံ နှစ်ခုနှင့် စက်ရုံ ၂၂ ခုကို ရပ်ဆိုင်းထားခဲ့သည်။


၄။ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) (ဆောင်ရွက်ဆဲစီမံကိန်း)

| စဉ် | စက်ရုံအမည် | ထုတ်ကုန်များ | စက်ရုံဆိုင်ရာအခြေခံ အချက်အလက်များ | မူဝါဒပိုင်းဆိုင်ရာ လေ့လာသုံးသပ်ရေး အဖွဲ့၏အကြံပြုချက် | လက်ရှိဆောင်ရွက်ထားမှု အခြေအနေ |
|---|---|---|---|---|---|
| ၄ | "ပင်းပက်"သံမဏိစက်ရုံ<br>Iron Ores | • Iron Ore<br>• Pig Iron<br>Hematite | • မြေအကျယ်အဝန်း -၅,၁၄၀.၈၄ ဧက<br>• ၃၁.၃.၂၀၁၈ ရက်အထိ ရင်းနှီးမြှုပ်နှံမှု -၂၀၇,၀၁၉.၈၁ကျပ်သန်း<br>• ၃၁.၃.၂၀၁၈ ရက်ရှိ ကုန်ချောလက်ကျန် - ၁,၉၉၀ ကျပ်သန်း ကုန်ကြမ်းလက်ကျန် - ၂,၃၉၀ ကျပ်သန်း<br>• အရှုံး/အမြတ် (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်) (−) ၅,၉၇၆.၃၉၄ ကျပ်သန်း<br>• ဝန်ထမ်းအင်အားအခြေအနေ (၃၁.၃.၂၀၁၈) ဝန်ထမ်း - ၃၉၂ ဦး ပင်စင် - ၈ ဦး<br>• လစာ /ပင်စင်ထုတ်ပေးမှု (တစ်နှစ်) လစာ - ၈၃၂.၃၁၀ ကျပ်သန်း ပင်စင် - ၄.၂၇၃ကျပ်သန်း<br>ချော်လုံး (ဘိလပ်မြေပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်) | •Romelt Process အောင်မြင်မှု ရှိ-မရှိ စမ်းသပ်လည်ပတ်ရန် လိုအပ်လျက် ရှိသဖြင့် အဆိုပါ နည်းစဉ် စမ်းသပ် လည်ပတ်နိုင်သည်အထိ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုကိုသာ နိုင်ငံတော်က လတ်တလော ဦးစားပေး ဆောင်ရွက်သင့်ပါသည်။<br>•စက်စမ်းသပ်လည်ပတ် အောင်မြင်မှုကို အခြေခံပြီးစီးပွားဖြစ်ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ Danieli (အီတလီ)၊ TPE (Russia) စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ စသည့် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သော Special Task Force Team ဖွဲ့စည်း၍ အမြန်ဆုံး လေ့လာသုံးသပ်ဆောင်ရွက် သွားသင့်ပါသည်။ | • စီမံကိန်းဆောင်ရွက်ဆဲကာလဖြစ် ပြီး လုပ်ငန်းများ (၉၈.၈၆)% ပြီးစီးပြီ ဖြစ်ပါသည်။<br>• စီမံကိန်းအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခွင့် ရရှိပါက (၁၈)လအတွင်း ပြီးစီးနိုင်မည် ဖြစ်ပြီး မူဝါဒနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>• NECC မှ ငှားရမ်းထားသော ကျွမ်းကျင်သူ အကြံပေးအဖွဲ့မှ မေးမြန်း သည့် Pig Iron နှင့် Hematite Iron Ore တို့၏ ကုန်ကြမ်း တန်ဖိုးတွက်ချက်မှုများကို ရှင်းလင်းဖြေကြားခဲ့ပါသည်။<br>• Project Bank သို့ ထည့်သွင်းနိုင်ရေး စီမံကိန်းအဆိုပြုလွှာအား NECC သို့ ပေးပို့ထားပါသည်။ |

စက်မှုဝန်ကြီးဌာနတွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၁၁၂ခု ရှိပြီး ၎င်းတို့အနက်မှ ၅၇ ခုသည် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နေကာ ကျန်သည့် ၅၅ ခု အနက် ၂၄ ခုသည် လတ်တလောတွင် ရပ်ဆိုင်းထားခြင်းဖြစ်သည်။

"ဒီလုပ်ငန်းတွေက ထုတ်ကုန်တွေဟာ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း၊ ထုတ်လုပ်မှု စရိတ်ကြီးမြင့်ခြင်း၊ ဝန်ထမ်းစရိတ်၊ လစာစရိတ်၊ ပင်စင်အစရှိတဲ့ စီမံခန့်ခွဲမှု စရိတ်တွေ စက်ရုံပုံသေစရိတ်၊ နိုင်ငံခြားချေးငွေနဲ့ ဆောင်ရွက်ခဲ့တဲ့ စက်ရုံတွေအတွက် ပေးဆပ်ရတဲ့အတိုးနဲ့ နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ပြောင်းလဲမှုတွေကြောင့် နှစ်စဉ် အရှုံးတွေဖြစ်ပေါ်နေတာကိုတွေ့ရပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ပြောသည်။

စက်မှုဝန်ကြီးဌာနသည် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၈၉၄၇၁ သန်း၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၉၄၈၅၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၆၂၆၆ သန်း အရှုံးဖြစ်ပေါ်ခဲ့ ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအောက်ရှိ ရပ်နားထားသည့် စက်ရုံ ၂၄ ရုံမှာ သံမဏိစက်ရုံနှစ်ခု၊ အထည်စက်ရုံ ၁၀ ခု၊ ဘိလပ်မြေစက်ရုံ တစ်ခု၊ အကြီးစားစက်ပစ္စည်းများထုတ်လုပ်သည့်စက်ရုံ ခြောက်ခုနှင့် စက္ကူစက်ရုံ၊ မှန်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ ရော်ဘာပစ္စည်းစက်ရုံစသည့် စက်ရုံများဖြစ်သည်။ အဆိုပါ စက်ရုံများတွင် စုစုပေါင်းဝန်ထမ်းဦးရေ ၆၆၉၈ ဦးရှိပြီး တစ်လအတွက် လစာစရိတ် ကုန်ကျငွေကျပ် ၁၂၄၂ ဒသမ ၇၇၈ သန်းနှင့် ပင်စင်လစာငွေကျပ်၂၄၃ ဒသမ ၃၅၉ သန်းကို နိုင်ငံတော်မှ တာဝန်ယူနေရကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

"လတ်တလောရပ်ဆိုင်းထားတဲ့ စက်ရုံ ၂၄ ခုမှာ ပုဂ္ဂလိကနဲ့ ပူးပေါင်းပြီး ထုတ်ကုန်ပြောင်းလဲတဲ့ စက်ရုံက သာဂရမှာရှိတဲ့ စက်ရုံ သုံးရုံ ဖြစ်ပါတယ်။ နောက်ပြီး ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းဆဲဖြစ်တဲ့ စက်ရုံတွေက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) (စီမံကိန်းဆောင်ရွက်ဆဲ) ၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ် (၁၆) အကြီးစားစက်ရုံ(ဆင်တဲ)၊ အမှတ် (၁၇)အကြီးစားစက်ရုံ (မလွန်)၊ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)၊ အမှတ် (၁၀)အထည်စက်ရုံ(တောင်သာ )၊ မှန်စက်ရုံ (ပုသိမ်)တို့ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ AoD ရေးထိုးထားတဲ့စက်ရုံကတော့ ရွှေတောင်စက်ရုံအပါအဝင် ခုနစ်ရုံနဲ့ ထုတ်ကုန်အမည်အသစ်တွေ ထုတ်လုပ်မယ့် စက်ရုံ ငါးရုံ ရှိပါတယ်။ အမှတ် (၇)အထည်စက်ရုံ (မြစ်သား) အပါအဝင် ငါးရုံဖြစ်ပါတယ်။ နိုင်ငံပိုင် ပြုလုပ်မယ့် စက်ရုံတွေကတော့ ပလတ်စတစ်စက်ရုံ (ကျောက်ဆည် ) ဖြစ်ပါတယ်။ အဲဒါကတော့ သင်တန်းကျောင်းပြုလုပ်မယ့် စက်ရုံဖြစ်ပါတယ်။ မုံရွာက အမှတ်(၆) အထည်စက်ရုံဖြစ်ပါတယ်" ဟု ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးက ပြောသည်။

စက်ရုံများသည် ကာလကြာမြင့်စွာ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံပိုင်စက်ရုံနှင့် စက်ပစ္စည်းများ ယိုယွင်းပျက်စီးခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းအားများ၊ စိတ်ဓာတ်ခွန်အားများ လျော့နည်းခြင်း၊ စက်ရုံ၏ပြင်ဆင်စရိတ်၊ ဝန်ထမ်းလစာများနှင့် အဆောက်အဦများ၏ တန်ဖိုးလျော့များ ဆက်လက်ကျခံနေရသဖြင့် နိုင်ငံတော်အတွက် အရှုံးများစွာဖြစ်ပေါ်နေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအား ကျဆင်းသဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကျဆင်းခြင်း၊ စက်ရုံများ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ လျော့နည်းခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း ၎င်းက ဆက်လက် သုံးသပ်သည်။

ထို့ကြောင့် စက်မှုဝန်ကြီးဌာန၏ နိုင်ငံပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင် ပြုလုပ်လိုသည့်စက်ရုံ၊ ပုဂ္ဂလိကနှင့် ပူးပေါင်းထားပြီးစက်ရုံ ၊ စက်မှုနယ်မြေနှင့် လတ်တလော ရပ်ဆိုင်းထားသော စက်ရုံများကြောင့် ပြည်သူ့ဘဏ္ဍာများဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို

စာမျက်နှာ ၁၉ သို့ ❖

# OHLONE COLLEGE WELCOMES STUDENTS FROM MYANMAR!

OHLONE COLLEGE

Do you want to study in silicon valley?
Ohlone College is located in Fremont, California!



**OHLONE COLLEGE OFFERS:** Meet with **Ms. Kristi Radke** Director of International Programs

- Low-cost tuition for quality Instruction, Ohlone's tuition and fees are 60-80% less than CSUs and UCs.
- The first 2 years of undergrad studies to prepare students to transfer to top U.S. BA Programs for their last 2 years of undergrad.
- Transfer agreements with Universities of California, including: UC Davis, UC Irvine, UC Merced, UC Riverside, UC Santa Barbara and UC Santa Cruz
- Small class sizes for more personal altention
- Strong student support and custom education plans for each student
- No TOEFL required if students attended an international school
- No SAT required

FOR MORE INFORMATION CONTACT : Mr.Peter Wai of Golden Silver Star Co., Ltd.
TEL 09-254064376 or 09-443060024
EMAIL peterwai20175@gmail.com
peterwai219@gmail.com
or kradke@ohlone.edu

OR VISIT ohlone.edu/myanmar

**MANDALAY** Mercure Mandalay Hill Sept 8-10
**YANGON** Pullman hotel (downtown) Sept 11-15

We provide the educational foundation students need to succeed!

**ရွှေအောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09254009334, 09254009335, 09254009336

**သီဟလင်း**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

**ယမင်းသူ**
မြို့တွင်း၊ မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံရှိသည်၊
09 5174914, 09 5136421


**ဖခင်အမည်မှန်**

မြိတ်မြို့ အထက-၇၊ အဋ္ဌမတန်း(C)မှ မောင်ဟိန်းသူအောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးမြင့်နိုင်[၇/ပခန(နိုင်)၃၇၂၀၄၂] ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**

**ဖခင်အမည်မှန်**

မြိတ်မြို့ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ သတ္တမတန်းမှ မစန်းသော်တာနိုင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစန်းနိုင်[၆/ပကမ(နိုင်)၀၀၁၂၂၈]ဖြစ်ပါကြောင်း။ **ဦးစန်းနိုင်**

**အမည်မှန်**

မြိတ်မြို့ အထက-၄၊ တက္ကသိုလ်ဝင်တန်းမှ ဦးအောင်ညွန့်၏သမီး မအိအိဖြိုး၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မမိစန္ဒာဖြိုး ဖြစ်ပါကြောင်း။ **မမိစန္ဒာဖြိုး**

**မွေးသက္ကရာဇ်အမှန်**

မြစ်ကြီးနားမြို့ အ.ထ.က (ပလန)၊ ဒသမတန်း($B_1$)မှ မောင်မုန်ဝိုင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၀၂ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့ မြတ်ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ မောင်ဆွတ်ရိန်မိုင်၏ ဖခင်အမည်မှန်မှာ ဦးလနန်[၁/လဂန(နိုင်)၀၀၄၆၃၉]ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ Asia Success Co Ltd မှ ID NO: 1000 2337 4400 (4-4-2017) ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
**Ph: 095118317**


SAMSUNG

မုတ်သုန်ရာသီ SAMSUNG ရေခဲသေတ္တာ နှင့် အဝတ်လျှော်စက် LUCKY DRAW Promotion

28th Aug to 28th Sept 2019

မိုးရာသီကာလ အတွင်း Samsung အိမ်သုံးပစ္စည်းများ ဝယ်ယူပြီး Lucky Draw အစီအစဉ်ကြီးတွင် ပါဝင်လိုက်ပါ...




samsung myanmar | samsungmyanmar | samsung.com/mm | samsungmembers

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

01 2399 888

## MINGALAR CINEMAS

Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ | GoldClass 09 266660911 09 266660922 09 266660933 | မင်္ဂလာစံပြ | မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003 |
| မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3 | ရွှေဂုံဆောင် | နေပြည်တော် | | | | |
| Top Royal | မင်္ဂလာဝဇီရာ | မင်္ဂလာ (ဂမုန်းပွင့်) | ဝင်းလိုက် မန္တလေး | မင်္ဂလာဒိုင်းမွန်း မန္တလေး | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် |
| တောင်ဒဂုံ 09255333881 ....2 , ....3 | စိန်ဂေဟာ 09402177771, 09402177772 09402177773 | | မြို့မ မန္တလေး | | | |
| မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာ ICON Mall(ပဲခူး) | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ(မကွေး) | မင်္ဂလာ ရွှေဟသာ (ပဲခူး) | မင်္ဂလာ ဘုရင့် (မော်လမြိုင်) | မင်္ဂလာ မြစ်နှာ(မုံရွာ) မင်္ဂလာ Ocean |

**ရူးအောင်ချစ်မယ့်ရူ**
သမ္မတ၊ သွင်၊ ရွှေဂုံဆောင်၊ မင်္ဂလာ(၁)(၂)၊ TopRoy၊ စံပြ၊ ဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ GoldClass၊ တောင်ဒဂုံ၊
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ မန်းနေပြည်တော်၊ Central Point မကွေး - စံပြ
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D
ပဲခူး - icon၊ ရွှေဟသာ မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစ်နှာ၊ မင်္ဂလာ Ocean

**CRUSH**
ရွှေဂုံဆောင်၊ စံပြ၊ ဂမုန်းပွင့်၊ ဘုရင့်နောင်၊ တောင်ဒဂုံ
ပြည် - ထွန်းသီရိ

ခရေ - စံပြ၊ တောင်ဒဂုံ
ကြိုးမြတ်သော မြန်မာ - ဂမုန်းပွင့်၊ တောင်ဒဂုံ
စရိုက်၊ လေဒီဘွိုင်း - တောင်ဒဂုံ

**IT CHAPTER 2**
နေပြည်တော်၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ GoldClass၊
မန္တလေး - ဒိုင်းမွန်း၊ Central Point မကွေး - စံပြ
ပြည် - ထွန်းသီရိ ပဲခူး - icon၊ မော်လမြိုင် - ဘုရင့်
တောင်ငူ - NEW 3D မုံရွာ - Ocean

**ONCE UPON A TIME IN HOLLYWOOD**
GoldClass၊

**ANGEL HAS FALLEN**
နေပြည်တော်၊ GoldClass

**ANGRY BIRDS 2**
နေပြည်တော်၊ ဂမုန်းပွင့်၊ GoldClass၊
မန္တလေး - ဒိုင်းမွန်း၊

**SAAHO** နေပြည်တော်၊ ဘုရင့်နောင်၊
မန္တလေး - ဒိုင်းမွန်း၊

ပျော်ပါတီ - ရွှေဂုံဆောင်၊ စံပြ၊ ဂမုန်းပွင့်၊ ဘုရင့်နောင်၊ တောင်ဒဂုံ

**၁၂-၉-၂၀၁၉ နေ့မှ ပြသည့် ဇာတ်ကားသစ်များ**




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ


ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# နေပြည်တော်၌ Myanmar Global Investment Forum ကျင်းပ

**နေပြည်တော်  စက်တင်ဘာ  ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor(Asia)တို့ပူးပေါင်း၍ Myanmar Global Investment Forum ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများ၊ Euromoney Institutional Investor (Asia) မှ Chief Executive Officer, Mr. Tony Shale ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း **Myanmar Global Investment Forum** ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် NCA-S EAO ညှိနှိုင်းရေးအဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန်  စက်တင်ဘာ  ၁၀**

နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် NCA-S EAO ညှိနှိုင်းရေးအဖွဲ့ (တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့)တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ "ဒီကနေ့ အစည်းအဝေးကတော့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးတဲ့ အစည်းအဝေးတစ်ခုလည်း ဖြစ်ပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

**နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် NCA-S EAO ညှိနှိုင်းရေးအဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

